# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 February 2022 ၁၀၆၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဦးစီးပဓာန နာယက (ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ယနေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပရိဝုဏ်တော်အတွင်းသို့ ရောက်ရှိကြပြီး အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ လက်ယာရစ်လှည့်လည်ပူဇော်ကြကာ ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစဉ်။


**ယနေ့** ဖတ်စရာ

**ဒီမိုကရေစီဟု ဆိုရာဝယ် . . .**



စာမျက်နှာ » ၈၊ ၉

**တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကိုယ်စားပြုဂုဏ်ပြုယာဉ်ကြီးတွေရဲ့ ခမ်းနားမှုနဲ့ ပြည့်စုံလှတဲ့ ပြကွက်တွေ လာရောက်ကြည့်ရှုသူတွေအတွက် ဗဟုသုတများစွာ ရရှိပါတယ်**

စာမျက်နှာ » ၁၁

**ပြည်ထောင်စုဆိုတာ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေနဲ့ ခွဲခြားဆက်ဆံတာတွေမရှိဘဲ စုပေါင်းနေထိုင်နိုင်တာကို ပြည်ထောင်စုစိတ်ဓာတ်လို့ ခံယူထားပါတယ်**

စာမျက်နှာ » ၁၂



**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃

ကြေးမုံ

# တိုင်းကျိုးပြည်ပြု လူသားအရင်းအမြစ်ပျိုးထောင်

မြန်မာနိုင်ငံသည် မြေဧရိယာအကျယ်အဝန်းနှင့် မီတင်းနေထိုင်ကြသော ပြည်သူများအချိုးအရ ချောင်ချောင်ချိချိ နေထိုင်လုပ်ကိုင်နိုင်သောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်နိုင်သည့် ရေခံမြေခံကောင်းမွန်သော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း လူဦးရေ ၅၅ သန်းကျော်နေထိုင်ပြီး အသက် (၁၈) နှစ်အထက် လူဦးရေမှာ ၃၇ သန်းကျော်ခန့်ရှိသဖြင့် အလုပ်လုပ်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များ ပေါများသည့်နိုင်ငံဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဟုဆိုသော်လည်း မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများစွာရှိသည့်အပြင် စက်မှုလုပ်ငန်းနှင့်ဆက်စပ်နေသည့် တွင်းထွက်သယံဇာတများ နိုင်ငံအနှံ့တွင် ရှိနေသည်။ သဘာဝသယံဇာတပစ္စည်းများ အမြောက်အမြားထွက်ရှိသော်လည်း ကုန်ချောအဖြစ် မထုတ်လုပ်နိုင်သည်မှာ နည်းပညာ၊ အရင်းအနှီးနှင့် ကျွမ်းကျင်သူပညာရှင်များ လိုအပ်နေသောကြောင့်ဖြစ်သည်။ အချို့နိုင်ငံများမှာ သယံဇာတပစ္စည်းများ မထွက်ရှိသော်လည်း နည်းပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်သူများနှင့် အရင်းအနှီးအလုံအလောက်ရှိသောကြောင့် နိုင်ငံကြွယ်ဝချမ်းသာနေသည်ကို တွေ့ရသည်။

အဓိကမှာ လူသာလျှင် ပဓာနဟုဆိုချင်သည်။ အရင်းအနှီးမှာ ရှာဖွေစုဆောင်းလျှင် ရနိုင်ပြီး နည်းပညာ၊ အတတ်ပညာများ၊ ဆန်းသစ်တီထွင်မှုများ ရယူတတ်မြောက်နိုင်ရန် ကြိုးစားအားထုတ်ဖို့ လိုအပ်ပေသည်။ လူသားအရင်းအမြစ်များရှိသော်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး ကြီးပွားတိုးတက်ရမည်ဟူသည့် ခံယူချက်၊ စိတ်ထားများမထားရှိဘဲ သမားရိုးကျအလုပ်လုပ်ကိုင်နေလျှင် မည်သည့်အချိန်တွင်မှ တိုးတက်လာမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်လုပ်နိုင်သော အခြေအနေများဖန်တီးပေးပြီး အလုပ်လုပ်ကြရန်သာ တိုက်တွန်းနှိုးဆော်နိုင်ပေသည်။ အမှန်တကယ်တိုးတက်အောင် အလုပ်လုပ်ကြရန်မှာ ပြည်သူများ၏ တာဝန်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ကျန်းမာရေးနှင့်ပညာရေးသည် အခြေခံကျသည့် အရေးကြီးသောကဏ္ဍများဖြစ်သည်။ အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားသော လူသားအရင်းအမြစ်များ ပေါများမှသာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ အစစအရာရာတွင် ကောင်းမွန်တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၌ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ နှစ်စဉ်ရှိနေသည်။ ထိုသို့လိုအပ်ချက်များရှိနေချိန်တွင် နိုင်ငံရေးကိုအကြောင်းပြု၍ ပြုန်းတီးသွားသော လူ့အရင်းအမြစ်များမှာ နိုင်ငံအတွက် များစွာနစ်နာလှပေသည်။

အမှန်တကယ်တွင် နိုင်ငံရေးနှင့်တိုင်းပြည်အရေးကို ခွဲခြားရှုမြင် လုပ်ကိုင်ဆောင်ရွက်ရန်လိုပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးစီးပွားများကို ဖော်ဆောင်ရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ဝန်ထမ်းများသည် နိုင်ငံရေးကင်းရှင်းရန် အထူးလိုအပ်သည်။ ယခုအခါ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်ကို အကြောင်းပြု၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင် ကာလရှည်ကြာလုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်ကိုပစ်ပယ်၍ CDM ပြုလုပ်ခဲ့သော ဝန်ထမ်းများစွာရှိရာ နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် များစွာနစ်နာဆုံးရှုံးခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် တိုင်းပြည်နှင့်လူမျိုးအကျိုးကို မထောက်ထားဘဲ ကိုယ်ကျိုးရှာနိုင်ငံရေးသမားများကြောင့် တိုင်းပြည်၏လူသားအရင်းအမြစ်များ လျော့နည်းသွားခဲ့သည်။

၁၉၉၅ ခုနှစ်မှစ၍ နိုင်ငံတော်ကမွေးထုတ်ပေးလိုက်သော ဆေးပညာရှင်အမြောက်အမြားရှိပြီး အားလုံးသည် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါက တိုင်းပြည်မှ လိုအပ်နေသည့်ပမာဏထက်ပင် ပိုမိုနေမည်ဖြစ်သည်။ ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတော်က လေ့ကျင့်မွေးထုတ်ပေးထားသော ဝန်ထမ်းများဖြစ်၍ နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်ကြရန် လိုအပ်ပေသည်။ နိုင်ငံတော်က အကုန်အကျအမြောက်အမြားခံကာ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများအား တိုင်းပြည်အတွက် ပြန်လည်အသုံးမချနိုင်တော့သည်ကို စဉ်းစားကြည့်လျှင် စိတ်မကောင်းစရာဖြစ်သည်။ စိတ်ခံစားချက်အရလည်းကောင်း၊ အသုံးချခံရ၍လည်းကောင်း လူသားအရင်းအမြစ်ဆုံးရှုံးခြင်းသည် နိုင်ငံရေးအတွက်အမြတ်မထွက်ဘဲ တိုင်းပြည်နှင့်လူမျိုးနစ်နာသည်သာ အဖတ်တင်သည်။

မြန်မာနိုင်ငံတွင် ရေခံမြေခံ အခြေခံကောင်းများစွာရှိနေသဖြင့် အပြည့်အဝအသုံးချနိုင်မှုနှင့် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိထိရောက်အောင်ဆောင်ရွက်မည်ဟူသည့်ခံယူချက်များ ထားရှိလုပ်ကိုင်နိုင်မှုလိုအပ်နေသည်မှာ ထင်ရှားပေသည်။ လိုအပ်သောစိတ်ဓာတ်နှင့် ခံယူချက်များကို ပြုပြင်တည့်မတ်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအား အကျိုးပြုသော၊ မြင့်မားသောဘဝများဖန်တီးပေးမည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါ်များဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်တည်ဆောက်ရေး။

## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅ ပေ x ၁၅ ပေအရွယ်အစား သတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီး ဖြစ်သည်။ စိုက်ထူပြီး ကြော်ငြာဆိုင်းဘုတ်များကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြန်လည်အငှားချထားမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားနိုင်သည်။

ကြော်ငြာလျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန စီမံဌာနခွဲ ကြော်ငြာဌာနစိတ်တွင် လာရောက်စုံစမ်းကြည့်ရှု ရွေးချယ်လျှောက်ထားနိုင်ပြီး ဖုန်းနံပါတ် ၀၁-၂၅၁၄၃၀ သို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၃၅၀ | ၂,၈၇၀,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁,၂၀၀ | ၃,၅၀၀,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၁၃ | ၉၀၄,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၂ | ၃၉,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၄၀၀ | ၁,၀၆၀,၀၀၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| AMATA | ၅,၂၀၀ | ၅,၂၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၀၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၅၆၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၁.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၀.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၇.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ရုပ်ပွားတော်မြတ်ကြီးအတွင်း ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို စကျင်ကျောက်တော်များဖြင့် ထွင်းထုပူဇော်ထားမှုအား လှည့်လည်ကြည်ညိုကြသည်။

**သွားရောက်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဥယျာဉ်တော်နှင့် လွိုင်မွေတောင်အပန်းဖြေစခန်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် Sky Train စီမံကိန်းမြေနေရာအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ရှုခင်းသာနေရာ၊ ဗုဒ္ဓဥယျာဉ်တော်နှင့် သောက်သုံးရေ လိုအပ်လျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများအတွက် ရေလှောင်တမံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရေလှောင်တမံဆောင်ရွက်နေမှုအခြေအနေနှင့် ကျိုင်းတုံမြို့နယ် ရေကြီးရေလျှံမှု ကာကွယ်ရေးဘဏ္ဍာနှစ်အလိုက် ချောင်းများမှ သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ဆွေးနွေးမှာကြား**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်ရေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချ၍ သဘာဝမှ သိုလှောင်ရရှိနိုင်သည့် ရေကို ဆည်တည်ဆောက်၍ ထိန်းသိမ်းသုံးစွဲရန် လိုကြောင်း၊ ထိုသို့ သုံးစွဲရာတွင်လည်း ရေသုံးစွဲမှုကို စနစ်တကျ သုံးစွဲရန် လိုကြောင်း၊ မြစ်ချောင်းများအတွင်း မိုးရာသီ၌ ရေဝင်ရောက်မှုပိုမိုများပြားစေရေး သဲနုန်းများကို ယခုပွင့်လင်းကာလများတွင် စနစ်တကျ ဖယ်ရှားရှင်းလင်းထားရန်လိုကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများအတွင်းရှိ ရေများကို စိုက်ပျိုးရေးတောင်သူများ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး အသေးစားရေတင်စိုက်ပျိုးခြင်းများကို ကျိုင်းတုံဒေသတွင် ကနဦးစမ်းသပ်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ အသေးစားရေတင်စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှုများရရှိပါက နိုင်ငံတစ်ဝန်းတွင်လည်း အဆိုပါစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်မှသာ စိုက်ပျိုးရေးတောင်သူများ၏ လူမှုစီးပွားဘဝ ဖြစ်ထွန်းတိုးတက်လာမည်ဖြစ်သဖြင့် အောင်မြင်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှု**

ယင်းနောက် ဝစီပိတ်ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင် ကမကထပြု၍ တည်ဆောက်ပူဇော်လျက်ရှိသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပူဇော်ပြီးစီးမှု အခြေအနေ၊ ကမ္ဘဝိသုဒ္ဓိခဏ္ဍ သိမ်တော်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေလှောင်တမံတည်ဆောက်နေမှုကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော် နှစ် ၂၅၆၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ် တပို့တွဲလပြည့်နေ့ ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင်အလှူရှင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရိုးရာယဉ်ကျေးမှု အသင်းအဖွဲ့များ တက်ရောက်ကြသည်။

### ကပ်လှူပူဇော်

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်သည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ သစ်သီးဆွမ်းတော်၊ ပန်းမန်နံ့သာနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီးထံ ရတနာစိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငှက်မြတ်နားတော်ကို ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။

များကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

### ပက်ဖျန်းကြဲဖြန့်

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋီကျောင်းဆောင်တော် ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်နှင့် လှူဖွယ် ပစ္စည်းများအား ကျိုင်းယင်း ကျောင်းတိုက် ဆရာတော်ကြီးထံလည်းကောင်း၊ မိသားစုဝင်များက ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကို နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော်ကြီးထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ

ထို့နောက် လဲချားမြို့ ဟော်ခမ်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဘောဂထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တို့အား ပင့်ဆောင်၍ ဂန္ဓကုဋီကျောင်းဆောင်တော်အား လက်ယာရစ်လှည့်လည်ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် အတူစုပေါင်း၍မင်္ဂလာကြိုးဆွဲကာ မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋီကျောင်းဆောင်တော် အထွတ်သို့ ပင့်ဆောင် တင်လှူပူဇော်ကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော် အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

စာမျက်နှာ ၅ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ ဂန္ဓကုဋိကျောင်းဆောင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဂန္ဓကုဋိကျောင်းဆောင်တော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်စဉ်။

❂ စာမျက်နှာ ၄ မှ

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

### ကြည့်ရှုလေ့လာ

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မဟာမြတ်မုနိဘုရားကြီးသမိုင်းအကျဉ်း၊ ကျိုင်းတုံဒေသသို့ မြတ်ဗုဒ္ဓသာသနာရောက်ရှိလာပုံ၊ ဂုံရှမ်းဘာသာနှင့် စာပေပေါ်ထွန်းခဲ့မှု၊ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့ကြသည့် စော်ဘွားကြီးများ၊ ကျိုင်းတုံမြို့ သမိုင်းအကျဉ်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးကို ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ခရစ်နှစ် ၁၉၂၀ ခုနှစ်တွင် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စောကွန်းကျောက်အင်းထရိုင်က ကျိုင်းတုံဒေသတွင် ဗုဒ္ဓသာသနာတော် တည်တံ့စေရန်၊ သာသနာတော် နေလိုလလို ထွန်းလင်းစေရန် ရည်ရွယ်၍ မန္တလေးမြို့ဟောင်း ဘူတာရုံအနောက်ဘက် လေးအိမ်တန်း ရပ်နေ ပန်းပုပညာရှင်ဆရာကြီး ဦးသစ်ထံတွင် သွန်းလောင်းပူဇော်ခဲ့ခြင်းဖြစ်ကြောင်း၊ သွန်းလောင်းပူဇော်အပြီးတွင် ထိုစဉ်အခါက မန္တလေးမှ ကျိုင်းတုံမြို့အထိ မော်တော်ယာဉ် လမ်းပေါက်ရောက်ခြင်းမရှိသဖြင့် ရုပ်ပွားတော်ကို အပိုင်းပိုင်းဖွဲ့ယူကာ လူအင်အား၊ ကျွဲလှည်း အင်အားများစွာဖြင့် ခရီးလမ်းပန်း အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်၍ စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် ဝိဟာရကျောင်းတော်ကို တည်ဆောက်ခဲ့ပြီး ကျောင်းတော်အတွင်းရှိ ပလ္လင်တော်သို့ ဘုရားကြီးကို ပင့်ဆောင်တော်မူခဲ့ကြောင်း၊ ထို့နောက် ခေတ်အဆက်ဆက် အစိုးရများ၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင်များက ဘုရားကြီးအား ရေရှည်တည်တံ့ ခိုင်မြဲအောင် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ပြီး နှစ်စဉ် နှစ်တိုင်း တန်ဆောင်မုန်းလပြည့် နေ့ကိုမဟာမြတ်မုနိဘုရားပွဲအဖြစ် သတ်မှတ်ကာ အစဉ်အလာမပျက် ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိ ဘုရားကြီးသည် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိပြီဖြစ်ပြီး သမိုင်းဝင်ဘုရားကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေး ဆက်လက်ပြုပြင်မွမ်းမံထိန်းသိမ်းဆောင်ရွက်လျက် ရှိကြောင်းနှင့် ဘုရားကြီး နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညပိုင်းက နေပြည်တော်ရှိ မြန်မာ့မီးရထားဘူတာကြီး၌ ကျင်းပသည်။ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၊ ဝန်ထမ်းများတက်ရောက်အားပေးကြသည်။

**လက်ဆင့်ကမ်းထိန်းသိမ်း**

ပြိုင်ပွဲမစတင်မီ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယခုထမနဲထိုးပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့်အတွက် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုတို့ တည်တံ့နေခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးနှင့် ဘာသာစာပေလည်း ပျောက်ကွယ်မှာဖြစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသူတိုင်းက မိမိတို့အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ကြိုးပမ်းလေ့ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော အချက်လည်းပါရှိကြောင်း၊ ထမနဲထိုးခြင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် ဆောင်ရွက်နိုင်သည့်ကိစ္စမဟုတ်ဘဲ အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှသာ အောင်မြင်နိုင်သည့်ကိစ္စဖြစ်သည့်အတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားကာ ပြိုင်ပွဲအစီအစဉ်များကို စတင်ခဲ့သည်။



**ဆုများပေးအပ်ချီးမြှင့်**

ယခုကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသို့ နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဌာန ကိုးခုတို့မှ ပြိုင်ပွဲဝင်အသင်းများက ပါဝင်ယှဉ်ပြိုင်ကြကာ အနိုင်ရရှိသည့် အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်“Tourism Vs Statistics” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန “Tourism Vs Statistics” အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်နှင့် မန္တလာတက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့် Enlightened Myanmar Research Foundation မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

**လမ်းညွှန်ထားရှိ**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ကြီးဌာနများရှိ Data များကို Up to Date ဖြစ်စေရန်နှင့် Data နှင့်ပတ်သက်၍ မှတ်တမ်းများကို ပြည့်ပြည့်စုံစုံဖြင့် သေချာစွာထိန်းသိမ်းပြုစုထားရန် လမ်းညွှန်ထားရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကိုလည်း ခရီးသွားဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းအချက်အလက်များ ကောက်ယူထိန်းသိမ်းရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခရီးသည်ရောက်ရှိသုံးစွဲမှု မြင့်မားတိုးတက်ရေး စသည့်ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ကိန်းဂဏန်းအချက်အလက်ဖော်ဆောင်မှုမှာ အလွန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ၊ ဘင်းမ်စတက်ကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၌သာမက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(UNWTO)၊



ပစိဖိတ်အာရှခရီးသွားလုပ်ငန်းအဖွဲ့ (PATA) နှင့် ကမ္ဘာ့ခရီးသွားကောင်စီ (WTTC) စသော နိုင်ငံတကာအဖွဲ့အစည်းများတွင်ပါ အဖွဲ့ဝင်ဖြစ်ကာ ၎င်းတို့နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းများထိခိုက်ခဲ့ရာမှ နိုင်ငံတကာအနေဖြင့် ယခုအခါတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခဲ့ရာမှ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျကောက်ယူပြီး စိစစ်လေ့လာသုံးသပ်၍ စီမံခန့်ခွဲဆောင်ရွက်မှသာ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်နီနီမြင့်၊ Enlightened Myanmar Research Foundation မှ Research Manager ဒေါက်တာခင်မျိုးဝေတို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးမှုများအပေါ် အဖွဲ့လေးဖွဲ့ခွဲ၍ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယား ကိန်းဂဏန်းအချက်အလက်များ၊ အာဆီယံနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ Tourism Satellite Account၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် သုတေသနပြုလုပ်ခြင်း စသည့် ခေါင်းစဉ်လေးခုဖြင့် အဖွဲ့လိုက် စားပွဲဝိုင်းဆွေးနွေးမှုများကို လုပ်ဆောင်ကြပြီး အဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်များက မိမိတို့အဖွဲ့၏ ဆွေးနွေးဖော်ထုတ်ချက်များကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိဖြစ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန၌ တရုတ်နိုင်ငံ ချုံချင့်မြို့အခြေစိုက် South Asia Future Investment Group Pte.Ltd ၏ ဥက္ကဋ္ဌ Mr. Zhang Jun နှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြိတ်ကျွန်းစုအတွင်းရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ ခရီးသွားလာရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်း ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

**ဆုများပေးအပ်**

ဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရရှိသည့် အသင်းများကို ဆုများပေးအပ်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်း သုံးသင်း ပါဝင်ခဲ့ကြပြီး ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ခဲ့ကာ ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတစ်ဝန်းရှိ ထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့” တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆)နှစ် သမိုင်းမှတ်တိုင် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို အမည်မှ စတင်ခဲ့ပြီး ယခုဆိုလျှင် (၇၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခြင်းသည် တာဝန်ထမ်းဆောင်ခဲ့သူ အားလုံး၏ ကြိုးပမ်းမှုကြောင့် ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် အဓိက လုပ်ငန်းရပ်များအပြင် နိုင်ငံတော်က အလေးထားရသော၊ ပြည်သူများ အားကိုးရသော ဝန်ကြီးဌာနဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်နှင့်ညီသော၊ နှုတ်သစ်လွင်သော အစီအစဉ်ကောင်းများ တင်ဆက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ထုတ်လွှင့်၍ ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

လာမည့်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မီဒီယာစွမ်းအားဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများ၊ အနုပညာရှင်များ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ အနုပညာရှင်များနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ MRTV News Channel အသစ်တစ်ခုကို ဖေဖော်ဝါရီ ၁ ရက်တွင် ထပ်မံထုတ်လွှင့်နိုင်ခဲ့ပြီး နောက်ပိုင်းတွင်လည်း အစီအစဉ်အသစ်များ၊ ရုပ်သံလိုင်းအသစ်များ ထပ်မံကလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာပွင့်ဆန်းတို့က ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ငွေကျပ် ၁၆၆၀၇၀၀၀ တန်ဖိုးရှိ တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက “ရှင်သန်နေမည် MRTV” တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် စန္ဒရားကွန်ဇော် တေးဂီတအဖွဲ့နှင့် အနုပညာရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက အဥ္စလီအငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ဗမာ့အသံ (Burma Broadcasting Service–BBS) အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။

ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုး ပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ အများပြည်သူများ အရုပ်၊ အသံ အရည်အသွေးကောင်းမွန်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၅၈ ရုံ ဖွင့်လှစ်ထားရှိပြီး မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ထားသည့် စက်ရုံ ၈၅ ရုံ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည့် DVB T2 လွှင့်စက်တပ်ဆင်ထားသည့် စက်ရုံပေါင်း ၁၅၃ ရုံဖြင့် ထုတ်လွှင့်လျက်ရှိသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တက်ရောက်လာကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက အဥ္စလီအငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေစဉ်။



အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။

# မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်သည် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကင်းမြို့နယ် (၈) ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်အိမ်ရာဝင်းအတွင်း ရွှေ့လျားဈေးကားစနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန် အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ လတ်ဆတ်စေရေး၊ အလေးချိန်ခွင် တိကျမှန်ကန်စေရေးနှင့် ဈေးရောင်း/ဈေးဝယ်သူများ နှာခေါင်းစည်းတပ်ဆင်ရန် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းနှင့် ဇင်္ဂမလမ်းထောင့်ရှိ မင်္ဂလာကန်တော်ကြီးတွင် ကန်ရေခပ်ဆင်းသည့် အုတ်လှေကား အတက်/အဆင်း ပြုပြင်ရန်၊ ကန်စပ်ရှိ ပိုက်ကျော်ခြင်းကွင်း ပြန်လည်ပြုပြင်ရန်၊ ကန်ပတ်လည်သန့်ရှင်းသာယာရေး ဆောင်ရွက်ရန်နှင့် အမှတ် (၅) မြစ်ထွက်ပေါက်သို့ စီးဆင်းသော ကန်ဘေးရှိ ဇင်္ဂမလမ်းရေမြောင်းအား Excavator ဖြင့် ပြန်လည်တူးဖော်ရှင်းလင်းရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရှုခင်းသာရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းပေါ်ရှိ အမှတ်(၄) မြစ်ထွက်ပေါက် ရေမြောင်းအတွင်း အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ရှုခင်းသာမြို့ပတ်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးအတွက် ခရိုင်နှင့်မြို့နယ်စည်ပင်ဝန်ထမ်းအင်အား ၁၀၀ ဖြင့် လမ်းဘေးဝဲ/ယာ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ ရေမြောင်းများ တူးဖော်ရှင်းလင်းနေမှု၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ရှုခင်းသာကစားကွင်း (၄) ရှေ့ မြေပိုများ တူးဖော်၍ မြေညှိပြုပြင်နေမှု၊ ကစားကွင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် အလံပြဘုရားလမ်း၊ ဂျိုးဖြူလမ်းနှင့် ကွမ်းခြံလမ်းဆုံ တြိဂံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ဒီမိုကရေစီဟုဆိုရာဝယ် . . .

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

ကမ္ဘာ့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ် အမျိုးမျိုးကျင့်သုံးတာကို တွေ့ရပါတယ်။ ဒီမိုကရေစီစနစ်ဟာ နိုင်ငံပေါင်း ၁၁၀၊ ၅၄ ဒသမ ၈ ရာခိုင်နှုန်းက ကြိုက်နှစ်သက်တဲ့ နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။

ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လိုအပ်ချက်လို့ပဲပြောပြော၊ ကိုလိုနီနိုင်ငံဖြစ်ခဲ့လို့ပဲပြောပြော ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ လိုအပ်ချက်တွေရှိနေတတ်ပါတယ်။ သမိုင်းကြောင်းတွေကလည်း အရိပ်ပမာလွှမ်းမိုးတတ်ပါတယ်။

### အကျိုးဆက်ရလဒ်မှာတော့ မတူတာကိုတွေ့ရ

မြန်မာဝေါဟာရတွေအရ ဒီမိုကရေစီ (Democracy)၊ လွတ်လပ်မှု (Freedom)၊ လွတ်လပ်ရေး (Independence)၊ လွတ်မြောက်မှု (Liberation)၊ လူ့အခွင့်အရေး (Human Rights)၊ အတိုက်အခံပါတီ (Opposition Party)၊ ပြည်သူ့ဝန်ထမ်း (Public Servant)၊ အစိုးရဝန်ထမ်း (Government Servant)၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း (NGO) စတဲ့ဆိုလိုရင်းအဓိပ္ပာယ်တွေနဲ့ နားလည်သူတွေဟာ သာမန်မြန်မာလူထုထဲမှာ ရှုပ်ထွေးနေတတ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို ကျင့်သုံးကြပေမယ့် အကျိုးဆက်ရလဒ်မှာတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူတာကို တွေ့ရပါတယ်။ အတိုက်အခံပါတီဆိုတိုင်း အစိုးရလုပ်သမျှ၊ စီမံသမျှ တိုက်ထုတ်ဆန့်ကျင်နေဖို့ မဟုတ်။ ဒီမိုကရေစီကျင့်စဉ်အရ ကောင်းဖို့နည်းလမ်း၊ ကောင်းဖို့အတွက် အကျိုးအကြောင်းနဲ့ ဝေဖန်သုံးသပ်ခြင်း၊ ညှိနှိုင်းခြင်းသည်သာ အတိုက်အခံရဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ဆန့်ကျင်တိုက်ပွဲဝင်ခြင်းဟာ ဒီမို



၁၉၉၇ ခုနှစ်က အမေရိကန်သမ္မတ ဘီကလင်တန်က တရုတ်နိုင်ငံသမ္မတ ကျန်ဇီမင်းအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုဂုဏ်ပြုစဉ်။

ကရေစီရဲ့ အစွန်းတရားပဲဖြစ်တယ်လို့ မြင်ပါတယ်။ အကျပ်အတည်း အခက်အခဲ၊ အစိုးမရလောက်တဲ့ အခြေအနေမျိုးတွေ ကြုံတဲ့အခါ တွေးခေါ်မြော်မြင်မှု အတွေ့အကြုံတွေအရ ဝေဖန်ပိုင်းခြားနိုင်တဲ့အရည်အချင်းတွေကို အခြေပြုပြီး အပြောင်းအလဲလုပ်နိုင်ဖို့ ဒီမိုကရေစီဟာ ဖွင့်ထားတဲ့သဘောရှိပါတယ်။ ဒီမိုကရေစီကို ကျင့်သုံးကြရာမှာ စဉ်းစားတွေးခေါ် မြော်မြင်နိုင်တဲ့ လူထုလူတန်းစား၊ နိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု၊ ပြည်သူ့ဝန်ထမ်းတွေ အလွန်လိုအပ်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ (Margret Thatcher) နဲ့ အမေရိကန်သမ္မတရိုနယ်ရီဂင်တို့ အိမ်ဖြူတော်မှာ တွေ့ဆုံပြီး မိတ်ဆက်မိန့်ခွန်းပြောကြားရာမှာ "Democracy is our way of life" ဒီမိုကရေစီဟာ ကျွန်မတို့ရဲ့ဘဝခရီးလမ်းကျင့်စဉ်ပဲဖြစ်တယ်လို့ မာဂရက်သက်ချာက ပြောကြားခဲ့ပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေရဲ့ ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူဖြစ်ပါတယ်။

**"ယနေ့ မျိုးဆက်အသီးသီးဟာ လွတ်လပ်မှု (Freedom) ဆိုတာ ဘာလဲ သိဖို့ လိုပါတယ်။ လွတ်လပ်မှုဆိုတာ ကျွန်တော်တို့လုပ်ချင်တာ လုပ်ဖို့မဟုတ်၊ လုပ်သင့်တာကိုလုပ်နိုင်ဖို့ အခွင့်အလမ်း ရှိဖို့လိုပါတယ်" လို့ ပုပ်ရဟန်းမင်းကြီး (Pope) ဂျွန်ပေါ(၂) John Paul (II) က လူထုကို ရှင်းပြတာကို ဖတ်ရှုရပါတယ်။ လွတ်လပ်မှု (Freedom) နဲ့ တာဝန်ရှိမှု (Responsibility) ဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ လွတ်လွတ်လပ်လပ်နေဖို့ ကြံရွယ်တယ်ဆိုရင် ပြည်သူ့နီတိ (Civil Responsibility) ကို စတင်ဆည်းပူးရလိမ့်မယ်။ ဒါကြောင့် မြန်မာတို့ရဲ့ ပြည်သူ့နီတိဟာ ဒီမိုကရေစီကို ထွန်းကားစေပါတယ်။ "ကိုယ့်မှာလည်း တာဝန်ရှိပါလား" ဆိုတဲ့ခံယူချက်နဲ့ ပြည်သူတစ်ယောက်ဟာ ပြောဆို၊ ရေးသား၊ ကိုယ်တိုင်လက်တွေ့ကျင့်ကြံ ကျင့်သုံးမယ်ဆိုရင် ပြည်သူကို အကျိုးပြုစေပါတယ်။**

**"ယနေ့ မျိုးဆက်အသီးသီးဟာ လွတ်လပ်မှု (Freedom) ဆိုတာ ဘာလဲ သိဖို့လိုပါတယ်။ လွတ်လပ်မှုဆိုတာ ကျွန်တော်တို့လုပ်ချင်တာ လုပ်ဖို့မဟုတ်၊ လုပ်သင့်တာကိုလုပ်နိုင်ဖို့ အခွင့်အလမ်း ရှိဖို့လိုပါတယ်" လို့ ပုပ်ရဟန်းမင်းကြီး (Pope) ဂျွန်ပေါ (၂) John Paul (II) က လူထုကို ရှင်းပြတာကို ဖတ်ရှုရပါတယ်။ လွတ်လပ်မှု (Freedom) နဲ့ တာဝန်ရှိမှု (Responsibility) ဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ လွတ်လွတ်လပ်လပ်နေဖို့ ကြံရွယ်တယ် ဆိုရင် ပြည်သူ့နီတိ (Civil Responsibility) ကို စတင်ဆည်းပူးရလိမ့်မယ်။ ဒါကြောင့် မြန်မာတို့ရဲ့ ပြည်သူ့နီတိဟာ ဒီမိုကရေစီကို ထွန်းကားစေပါတယ်။ "ကိုယ့်မှာလည်း တာဝန်ရှိပါလား" ဆိုတဲ့ခံယူချက်နဲ့ ပြည်သူတစ်ယောက်ဟာ ပြောဆို၊ ရေးသား၊ ကိုယ်တိုင်လက်တွေ့ကျင့်ကြံ ကျင့်သုံးမယ်ဆိုရင် ပြည်သူကို အကျိုးပြုစေပါတယ်။"**

### ဒီမိုကရေစီရဲ့အဓိပ္ပာယ်ကို ထင်ဟပ်

စာတတ်ပေတတ်၊ ဗဟုသုတ၊ ကြွယ်ဝသူ၊ ပညာတတ်တွေဟာ သူ့အတွက်နဲ့ အများကောင်းကျိုးလုပ်ဆောင်ဖို့ ဆန္ဒရှိရမယ်။ သူ့အတွက် ကောင်းကျိုးကို မလုပ်နိုင်ရင်သူ့ကိစ္စပဲ။ ဒါပေမဲ့ အများအတွက် စိုးစဉ်းမျှမလုပ်နိုင်ရင်တော့ ထိုသူဟာ မကောင်းမှုပြုလုပ်ဖို့ ရှောင်ရှားရလိမ့်မယ်။ (If he can do no good for himself, much less for others, he should avoid doing what is bad.) လောကနီတိလာ ပညာရှိတို့စကားဟာ ဒီမိုကရေစီရဲ့အဓိပ္ပာယ်ကို ထင်ဟပ်စေပါတယ်။ ပြည်သူ့နီတိပါပဲ၊ စစ်မှန်တဲ့ ဒီမိုကရေစီကို ကိုယ်တိုင်ကျင့်ကြံဖို့ပဲ လိုပါတယ်။ "ဖြစ်ချင်ရာဖြစ်ဘချစ်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက် ဆိုတဲ့အဓိပ္ပာယ်လည်း မဟုတ်ပါဘူး၊ ဒီမို ကရေစီလွတ်လပ်မှုရဲ့ ပင်ကိုသဘော မဟုတ်လောက်ဘူး" လို့ နားလည်ရပါမယ်။

နိုင်ငံတစ်နိုင်ငံမှာ လူအများစုဟာ သူ့မူလအခွင့်အရေးရဖို့ ကနဦးတောင်းဆိုတာက များပါတယ်။ တကယ်တမ်းကျတော့ သူပေးဆပ်ရမယ့် နိုင်ငံကြီးသားတစ်ယောက်အဖြစ် ပင်မတာဝန်တွေကို ထမ်းဆောင်ဖို့ အဆင်သင့်မဖြစ်၊ ဝန်လေးနေတာက များနေတတ်ကြပါတယ်။ "ဒီမိုကရေစီရရှိရေး ဒို့အရေး" လို့ တကြော်ကြော် ကြွေးကြော်တောင်းဆိုတာကများပြီး ကိုယ်တိုင်ကျင့်ကြံရမှာကိုတော့ ဝန်လေးတတ်ကြတာကို တွေ့မြင်ရပါတယ်။

"ဝီရိယလွန်ကဲတော့ ဆန္ဒတွေ စောနေတယ်၊ ဖြစ်ချင်လွန်းအားကြီးနေတယ်၊ ဗျာများနေတယ်၊ သမာဓိ၊ သတိမပါဘဲ ဝီရိယချည်းလွန်ကဲနေရင် စိတ်တွေ ပျံ့လွင့်ပြီး ခရီးမရောက်ဖြစ်တတ်တာပေ့ါ။" ဟု မိုးကုတ်ဆရာတော်ကြီးရဲ့ တရားဓမ္မဟာ လောကီ၊ လောကုတ္တရာ နှစ်ဖြာအတွက် အကျိုးပြုကြောင်း တွေ့ရပါတယ်။ "လူသားအချင်းချင်း ပေါင်းရသင်းရ၊ ဆက်ဆံကြရာမှာ မေတ္တာပမာဏ မည်မျှသေးငယ်စေကာမူ ထားကြမယ်ဆိုရင် များစွာသောဒေါသ၊ မုန်းတီးခြင်း၊ အခဲမကျေ လက်စားချေလိုမှု၊ မတရားမှုကို ခါးခါးသီးသီးစက်ဆုပ်ရွံရှာအစရှိတဲ့ မလိုလားတဲ့ရလဒ်တွေကို ဖယ်ရှား၊ ရှောင်ရှားနိုင်မှာဖြစ်တယ်" လို့ ပါမောက္ခချုပ်ဆရာတော်က ၂၀၀၀ ပြည့်နှစ်က ဟောကြားခဲ့ပါတယ်။ " If only people could put just a small amount of Metta in their relationships, a lot of unnecessary anger, hatred, grudge, resentment and other undesirable results could have been avoided.'' Rector Sayataw U Silanandabhiveo– msa SE 2544, ME 1362, AD 2000.

**"ကျွန်တော်တို့ဟာ ချီးမွမ်းခံချင်ကြတယ်၊ ချီးမွမ်းသမှုကို တမ်းတကြတယ်၊ လေးစားမှုကို လိုချင်ကြတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီမိုကရေစီရဲ့ရှေ့မှာ လူရဲ့မူလအခွင့်အရေး (Human Rights) လာသင့်တယ်လို့ ယုံကြည်ပါတယ်။" လို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုက ၂၀၁၃ ခုနှစ် အောက်တိုဘာလ Reader's Digest မှာ ပြောကြားတာကို ဖတ်ရှုရပါတယ်။**

### မီးမောင်းထိုးထောက်ပြ

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထဲမှာ အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ပြင်းထန်ခဲ့ပါတယ်။ လူအုပ်နဲ့ ဆန္ဒပြတာတွေဟာ ထိန်းမနိုင်သိမ်းမနိုင်လောက်အောင် ဖြစ်တယ်လို့ဆိုပါတယ်။ " အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူတွေနဲ့ တရားဥပဒေရေးမှာ တာဝန်ထမ်းဆောင်သူတွေကို နေ့စဉ်ရက်ဆက် ဆန္ဒပြတိုက်ခိုက်နေတယ်။ အခုလို ဝရုန်းသုန်းကားဖြစ်နေတဲ့ ကျယ်ပြောတဲ့ နိုင်ငံကို **စာမျက်နှာ ၉ သို့** ✳

✳ စာမျက်နှာ ၈ မှ

ဒီမိုကရက်တစ်အစိုးရနဲ့ အုပ်ချုပ်မယ်လို့ စိတ်ကူးယဉ်ခဲ့ကြတယ်။ ဘယ်လိုလုပ်မှာလဲ. . ပြော၊ စစ်တပ်မပါဘဲ အဲဒီနိုင်ငံကို အုပ်ချုပ်လို့မရနိုင်ဘူး” လို့ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် Newsweek မှာ မီးမောင်းထိုးထောက်ပြတာကို တွေ့ရပါတယ်။ မေတ္တာပို့ ဆုတောင်းရုံကလွဲပြီး ဘာမျှမတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

၁၉၉၇ အောက်တိုဘာလအတွင်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ရဲ့ အစိုးရအဖွဲ့ဝင်များဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း (Jiang Zemin)ကို အိမ်ဖြူတော်တောင်ဘက် မြက်ခင်းပြင် မီတာ ၅၀၀ အကွာကနေ အမြောက်၂၁ ချက် ပစ်ဖောက်ပြီး အလေးပြုကြိုဆိုခဲ့ပါတယ်။ လူ့အခွင့်အရေး၊ နှစ်နိုင်ငံကြားနားလည်မှု ပိုမိုမြင့်မားရေး၊ ဘုံရည်မှန်းချက်ကျယ်ပြောရေး၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးရေး၊ အနာဂတ်ကို နှစ်နိုင်ငံအတူတကွ တည်ဆောက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးတို့ကို ဖွံ့ဖြိုးမှုအဆင့်သစ်ဆီသို့ ယူဆောင်ရေးတို့ ဆွေးနွေးခဲ့ပါတယ်။

သမ္မတ ကလင်တန်က “တရုတ်နိုင်ငံဟာ ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကစပြီး တိုးတက်မှုရှိကြောင်း၊ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများဟာ၊ သန်းပေါင်းများစွာကို ဆင်းရဲတွင်းကနေ ဆွဲတင်နိုင်ခဲ့ကြောင်း၊ ကျောင်းတွေဟာ ပို၍ကောင်းလာကြောင်း၊ လူနေမှုအဆင့်မြင့်လာကြောင်း” ချီးမွမ်းပြောဆိုနှုတ်ခွန်းဆက်တာ တွေ့ရပါတယ်။ ကလင်တန်က ဆက်လက်ပြောဆိုရာမှာ “သမိုင်းတစ်လျှောက် အခက်အခဲအကျပ်အတည်းတွေကို တရုတ်နိုင်ငံရဲ့ရပ်တည်မှုဟာ သမိုင်းရဲ့ မှန်ကန်တဲ့ဘက်မှာ ရှိတာကို အသိအမှတ်ပြုပါကြောင်း၊ ဒီကိစ္စကို ကြိုဆိုပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာတွင်မူ တရုတ်အစိုးရပေါ်လစီဟာ သမိုင်းရဲ့အမှားဘက်မှာ ရှိနေတယ်လို့ ယုံကြည်ကြောင်း ပြောတာကိုလည်း တွေ့ရပါတယ်။

> “အာရှတစ်ခွင်မှာလည်း ဒီမိုကရေစီဟာ ဝင်လိုက်ထွက်လိုက်ဖြစ်ကာ ကောင်းမွန်သောအစိုးရ မွေးပေးလေ့မရှိဘူးဆိုတာပါပဲ။ ဈေးကွက်စီးပွားရေး ထူထောင်ရာမှာ တကယ်လိုအပ်ချက်က စီမံကိန်းတွေ ခိုင်ခိုင်ခံ့ခံ့ရေးဆွဲ အကောင်အထည်ဖော်နိုင်ဖို့ အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့ပဲ ဖြစ်ပါတယ်။ စီးပွားရေးအောင်မြင်လာတာနဲ့အမျှ အလယ်အလတ်လူတန်းစားတွေဟာ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့နည်းပညာနဲ့ ဥပဒေပိုင်းဆိုင်ရာတွေမှာ မြင့်မားလာမယ်။ တွေးခေါ်မြော်မြင်မှုတွေ၊ စဉ်းစားနိုင်မှုတွေမြင့်မားလာပြီး ဒီမိုကရေစီဟာ ခိုင်ခံ့လာမယ်လို့ ယုံကြည်ခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတာ အူမတောင့်၊ ဗိုက်ဝတာကစပါတယ်။ ဗိုက်ဝဖို့အရေးဟာ လူ့အခွင့်အရေးပါပဲ။ ဒီမိုကရေစီ ရရှိရေးထက် လျှပ်စစ်ရရှိရေးကပိုပြီး အရေးကြီးတယ်လို့ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက ပြောခဲ့ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်မှု စနစ်အပေါ် ဝေဖန်မှုတွေရှိခဲ့ပါတယ်”

သမ္မတ ကျန်ဇီမင်းကမူ နှောင်တရဝမ်းနည်းတဲ့လက္ခဏာမပြ။ ပြန်လည်ဆွေးနွေးရာမှာ “၁၉၈၉ ခုနှစ် နွေရာသီအတွင်း ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးပဋိပက္ခအနှောင့်အယှက်ဟာ လူမှုရေးတည်ငြိမ်မှုနဲ့ နိုင်ငံရဲ့လုံခြုံရေးအထိ ကြီးမားစွာအန္တရာယ်ပြုလာတာကြောင့် တရုတ်အစိုးရဟာ လိုအပ်တဲ့တုံ့ပြန်မှုတွေကို ဥပဒေနဲ့အညီ အခြေအနေကို ဖြေရှင်းခဲ့ရကြောင်း”ပြောကြားခဲ့တာတွေ့ရပါတယ်။ ဥပဒေအရ၊ ဖွဲ့စည်းပုံအရဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။

## ခြားနားတဲ့အမြင်ရှိတာ သဘာဝတရားပဲ

“သန်းပေါင်းတစ်ထောင့်နှစ်ရာရှိတဲ့ တရုတ်တို့ဟာ ယခုအချိန်မှာ (၁၉၉၇ ခုနှစ်) အေးချမ်းတဲ့ လူမှုဘဝနဲ့ နိုင်ငံရေးတည်ငြိမ်မှုတွေ မခံစား၊ မစံစားရရင် ဒီနေ့ပြုပြင်ပြောင်းလဲမှုပြုနိုင်ဖို့ အခြေအနေရောက်မှာမဟုတ်။ ဒီနေ့အချိန်အခါမှာ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ဆုံဆွေးနွေးဖို့ ခက်ခဲပါလိမ့်မယ်။ နိုင်ငံရေးတည်ငြိမ်မှုနဲ့ လူမှုဘဝတည်ငြိမ်အေးချမ်းသာယာမှုတွေက သက်သေတွေပဲဖြစ်တယ်”လို့ ကျန်ဇီမင်းက ပြန်လည်ဆွေးနွေးခဲ့တယ်။ နိုင်ငံကြီးနှစ်နိုင်ငံဟာ အချို့သောကဏ္ဍတွေမှာ ခြားနားတဲ့အမြင်ရှိတာ သဘာဝတရားပဲ။ ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့ စံတွေ၊ လူ့အခွင့်အရေးတွေဆိုတဲ့ ကိစ္စတွေဟာ နှိုင်းယှဉ်ချက် နှိုင်းရချက်တွေပဲ” (It is natural for our two countries to hold different views on some issues. The concept on democracy, human rights are relative and specific ones,” Jian said. ဒီသဘောတရားတွေဟာ တရားကိုသဘောမဟုတ်၊ တရားသေမဟုတ်၊ သီးသန့်စီရှိနေတဲ့အကြောင်းခြင်းရာတွေပဲဖြစ်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

သိုးနဲ့ဆိတ်ဟာ အလှချင်းတစ်မျိုးစီပိုင်ဆိုင်ကြသလိုဖြစ်ပါတယ်။ လူဆိုတာက နှိုင်းယှဉ်ပြီး ကြည့်လေ့ရှိတာကြောင့် သိုးက ပိုလှတယ်လို့၊ ဆိတ်ကပိုလှတယ်လို့ လူ့ရဲ့အမြင်၊ ဦးနှောက်နဲ့ နှလုံးသားက ဆုံးဖြတ်ကြတာဖြစ်ပါတယ်။ သိပ္ပံအရာမှာတော့ စံဆိုတာ သတ်မှတ်လို့ရပါတယ်။ ရေရဲ့သိပ်သည်းဆ (specific gravity of water) ကို တစ်လို့ သတ်မှတ်ပါတယ်။ နိုင်ငံရေးစနစ် နိုင်ငံရေးနယ်ပယ်မှာတော့ ဒီမိုကရေစီလွတ်လပ်မှုနဲ့ လူ့အခွင့်အရေးကိစ္စတွေဟာ သီးသန့်စီရှိနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ စံသတ်မှတ်ဖို့ ခက်ခဲပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံတွေဟာ တစ်မျိုးစီကောင်းကြတယ်လို့မြင်ပါတယ်။ နိုင်ငံရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရင် လုံလောက်ပါပြီ။ နှစ်နိုင်ငံပူးပေါင်း မိတ်ဖက်ပူးတွဲရေးကိစ္စပွင့်လင်းလာစေဖို့ အမေရိကန်နဲ့ တရုတ်တို့ဟာ ပူးပေါင်းဖို့ ပိုပြီးလိုလာပါတယ်။ ထိပ်တိုက်ရင်ဆိုင် လက်ခမောင်းခတ်နေဖို့ ခေတ်မဟုတ်တော့ပါဘူး။ နိုင်ငံတကာကြုံတွေ့နေတဲ့ စိတ်ခေါ်မှုတွေကို တံချူနဲ့ ချူနိုင်ဖို့ကအဓိက၊ ကြောင်ဟာ မည်းသည်၊ ဖြူသည်ဆိုတာ အဓိကမဟုတ်၊ ကြွက်ဖမ်းမိဖို့က အဓိကဆိုတဲ့စကားလိုပါပဲ။

## ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူသာဖြစ်

တိုင်းပြည်အသီးသီးရဲ့ ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူသာဖြစ်ပါတယ်။ ၂၁ ရာစုကမ္ဘာဟာ ငြိမ်းချမ်းမှုပိုမိုရှိလာဖို့နဲ့ ကုလသမဂ္ဂရဲ့ ထောင်စုသစ်ရည်မှန်းချက် ၁၇ ချက် ဖြည့်စွမ်းပေးနိုင်ဖို့ဟာ မိမိတို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက လူသားတွေရဲ့အကျိုး ဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းရဲ့ ဒီမိုကရေစီပန်းတိုင်လို့ ဆိုနိုင်ပါတယ်။

“ရုရှားဖက်ဒရေးရှင်း သမ္မတပူတင်ရဲ့ ပြဿနာ၊ သူလုပ်သင့်တဲ့ကိစ္စအဝဝတွေကို အမေရိကန်တို့ရဲ့ မူဘောင်နဲ့ကြည့်ရင် နားလည်နိုင်စရာမရှိပေဘူး။ ‘အမေရိကန်စတိုင် ဒီမိုကရေစီ’ နည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖွယ်ရာမရှိ၊ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေသတွေနဲ့ အတွေးအခေါ်မူဘောင်တွေဟာ ရုရှားမှာ ရှိမနေလို့ပါပဲ။ ရုရှားသမ္မတပူတင်ဟာ အခြားနည်းလမ်းနဲ့ သွားဖို့ ဖိအားပေးခံရတဲ့အပြင် အမေရိကန်ဒီမိုကရေစီအသွင်ဟာ တစ်ခုတည်းသောနည်းလမ်းဖြစ်တယ်ဆိုတာ လက်ခံနိုင်စရာအကြောင်းမရှိ၊ မိုက်မဲရာကျလိမ့်မယ်” လို့ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ထုတ် Newsweek မှာ Hans Peter Clamann Bern, Switzer–land က ထောက်ပြတာတွေ့ရပါတယ်။

“ခေတ်သစ်ဒီမိုကရေစီ လည်ပတ်ဖို့မှာ ရွေးကောက်ပွဲဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲတွေဟာ လိုအပ်ချက်ကြီးတစ်ခုတော့မဟုတ်ပါဘူး။ အစိုးရတစ်ခုအဖြစ် နိစ္စဓူဝပုံမှန်လုပ်ငန်းရပ်တွေ အောင်မြင်အောင်လုပ်နိုင်ဖို့ဟာ အရေးကြီးလှပါတယ်။ အိန္ဒိယလူမျိုးတွေဟာ မစားရဝခမန်း ရွေးကောက်ပွဲမှ ရွေးကောက်ပွဲဆိုပြီး စွဲလမ်းနေရင်ဖြင့် ဒီမိုကရေစီရဲ့ အခြားအဓိပ္ပာယ်တွေကို ပြန်လည်သင်ယူအဖတ်ဆယ်ဖို့ လုပ်ရလိမ့်မယ်။ အလျှော့အတင်း၊ သက်ညှာမှုတွေ ဥပဒေ စည်းမျည်းစည်းကမ်းတွေ လိုက်နာကြရပေဦးမယ်။ သင်ယူနိုင်စွမ်းရှိရမယ်။ ထို့ထက်မက လိုအပ်ချက်ကသည်းခံကြရပေမယ်။ ဒီကိစ္စဟာ အိန္ဒိယနိုင်ငံရေး ဂုရုတွေနဲ့ လှုပ်လှုပ်ရွရွကြွတက်နေတဲ့ နိုင်ငံသားတွေကို ကြီးမားတဲ့တောင်းဆိုချက်ဖြစ်မယ်” လို့ “Democracy at Play” ခေါင်းစဉ်နဲ့ ၁၉၉၈ ခုနှစ် မတ်လ ၁၆ ရက်နေ့ထုတ် Newsweek မှာ ဖတ်ရှုရပါတယ်။

## လူ့အခွင့်အရေးဆိုတာ

အာရှတစ်ခွင်မှာလည်း ဒီမိုကရေစီဟာ ဝင်လိုက်ထွက်လိုက်ဖြစ်ကာ ကောင်းမွန်သောအစိုးရ မွေးပေးလေ့မရှိဘူးဆိုတာပါပဲ။ ဈေးကွက်စီးပွားရေး ထူထောင်ရာမှာ တကယ်လိုအပ်ချက်က စီမံကိန်းတွေ ခိုင်ခိုင်ခံ့ခံ့ရေးဆွဲ အကောင်အထည်ဖော်နိုင်ဖို့ အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့ပဲဖြစ်ပါတယ်။ စီးပွားရေးအောင်မြင်လာတာနဲ့အမျှ အလယ်အလတ်လူတန်းစားတွေဟာ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့နည်းပညာနဲ့ ဥပဒေပိုင်းဆိုင်ရာတွေမှာ မြင့်မားလာမယ်။ တွေးခေါ်မြော်မြင်မှုတွေ၊ စဉ်းစားနိုင်မှုတွေမြင့်မားလာပြီး ဒီမိုကရေစီဟာ ခိုင်ခံ့လာမယ်လို့ ယုံကြည်ခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတာ အူမတောင့်၊ ဗိုက်ဝတာကစပါတယ်။ ဗိုက်ဝဖို့အရေးဟာ လူ့အခွင့်အရေးပါပဲ။ ဒီမိုကရေစီရရှိရေးထက် လျှပ်စစ်ရရှိရေးကပိုပြီး အရေးကြီးတယ်လို့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက ပြောခဲ့ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်အပေါ် ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)



အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခအတွင်း ၂၀၁၇ ခုနှစ်က ပါလက်စတိုင်းလူငယ်များက အစ္စရေးတပ်များကို ခဲများနှင့် ပစ်ပေါက်နေသည်ကို တွေ့ရစဉ်။

❒ ကျောဖုံးမှ

စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

တိုင်းရင်းသားရိုးရာ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားဝယ်ယူနေကြသည်ကိုလည်း တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာသီချင်းနှင့်အတူ ရိုးရာအကများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များရှေ့၌ ကပြဖျော်ဖြေကြရာ ဂုဏ်ပြုယာဉ်များကို လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ဂုဏ်ပြုယာဉ်များကို လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်သားများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝ ပေးထားသည့်အပြင် ကျန်းမာရေးချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆေးအဖွဲ့က ဆေးခန်းဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

အထူးအစီအစဉ်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာများကို ပြုလုပ်ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအစာများကို စားသုံးနိုင်သော အခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစား ကြိတ်ကြိတ်တိုး ဝယ်ယူသုံးဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပထမဆုရရှိခဲ့သည့် မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်ရှေ့၌ မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ယဉ်ကျေးမှုအဖွဲ့ဝင် ၁၀၈ ဦးကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် ၄၆ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာ ဆိုင်ခန်းပေါင်း ၂၀ မှ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးခြင်းတို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှစတင်၍ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း သုံးရက်တိုင်တိုင် မိဘပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုထိန်အေး**




ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပထမဆုရရှိခဲ့သည့် မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။





လာရောက်လေ့လာကြည့်ရှုကြသူများအား ဦးရွှေရိုး ဒေါ်မိုးအကဖြင့် ဖျော်ဖြေစဉ်။

လာရောက်လေ့လာကြည့်ရှုကြသူများအား မင်းသားအကဖြင့် ဖျော်ဖြေစဉ်။




တိုင်းဒေသကြီး/ပြည်နယ်များကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကိုယ်စားပြုဂုဏ်ပြုယာဉ်ကြီးတွေရဲ့ခမ်းနားမှုနဲ့ ပြည့်စုံလှတဲ့ ပြကွက်တွေ လာရောက်ကြည့်ရှုသူတွေအတွက် ဗဟုသုတများစွာ ရရှိပါတယ်

မကေသီဝင်းထွဋ်

တွေ့ဆုံမေးမြန်း
နိုင်ဟိန်းထက်
ဓာတ်ပုံ - ဇော်ဘီ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ဂုဏ်ပြုခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို ပြည်သူများ လာရောက်လေ့လာကြည့်ရှုနိုင်ရန်နှင့် တိုင်းရင်းသားရိုးရာအစားအစာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသုံးနိုင်ရန် ယနေ့ (တတိယနေ့)တွင်လည်း နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှေ့ တပေါင်းကွင်း၌ ရောင်းချပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဂုဏ်ပြုယာဉ်များနှင့်အတူ ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူများနှင့် လာရောက်လေ့လာကြည့်ရှုကြသူများအား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။


နော်သိန်းတင်


မကေသီဝင်းထွဋ်


မခင်သီတာအောင်


မအိမ့်မြတ်ခြယ်


မလဝန်းအိမ်


ကိုဟိန်းစစ်ပိုင်


ဦးမျိုးဦး

**နော်သိန်းတင်**
**ကရင်အစားအစာရောင်းချသူ**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားမှာ ပါဝင်ပြသခဲ့တဲ့ ဂုဏ်ပြုယာဉ်တွေနဲ့ ယဉ်ကျေးမှုရိုးရာအကအဖွဲ့တွေကို တစ်နေရာတည်းမှာ လေ့လာလို့ရအောင် တပေါင်းကွင်းထဲမှာ စီစဉ်ပေးမှုကြောင့် ကျွန်မတို့အနေနဲ့လည်း တိုင်းရင်းသားရိုးရာအစားအစာတွေထဲက ကရင်အစားအစာတွေကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခွင့်ရခဲ့ပါတယ်။

လာရောက် လေ့လာကြည့်ရှုကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး ကရင်အစားအစာတွေကို မစားဖူးတဲ့သူလည်း စားဖူးအောင်၊ ကြိုက်နှစ်သက်တဲ့သူတွေလည်း ဝယ်ယူအားပေးလို့ရအောင် စီစဉ်ပေးထားပါတယ်။ ကရင်ရိုးရာအစားအစာတွေထဲမှာ ကရင်ရိုးရာကြက်သားသုပ်၊ ကရင်ရိုးရာတာလပေါ၊ ကရင်ရိုးရာဒါပဲဖိုးအပြင်တောထမင်းတောဟင်းတွေ ရောင်းချပေးပါတယ်။ ဒီအစားအစာတွေထဲမှာ တာလပေါကို အများဆုံးအားပေးတာ တွေ့ရပါတယ်။ ပြပွဲတတိယနေ့မှာဆိုရင် မနက်ပိုင်း ၁၁ နာရီကတည်းက အားလုံး ကုန်သွားတဲ့အတွက် ညနေပိုင်းရောင်းချပေးဖို့အတွက် ပြန်လည်ချက်ပြုတ်နေရပါတယ်။ ဒီလိုအခမ်းအနားကြီး ပြုလုပ်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ကိုယ့်တိုင်းရင်းသားအစားအစာတွေကို ရောင်းချပေးရတဲ့အခါ စားသုံးသူတွေအနေနဲ့လည်း အဆင်ပြေစွာစားသုံးနိုင်ခဲ့တယ်ဆိုတဲ့ မှတ်ချက်ပေးမှုလေးတွေကြောင့် ဝမ်းသာမိပါတယ်။

**မကေသီဝင်းထွဋ်**
**လာရောက်လေ့လာသူ**
**တပ်ကုန်းမြို့**

ဖေဖော်ဝါရီ ၁၂ ရက် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့် ပြသတာကို ကြည့်ရှုလိုက်ရပါတယ်။ အဲဒါကြည့်ပြီး ဂုဏ်ပြုယာဉ်တွေကို အပြင်မှာမြင်ဖူးချင်တာနဲ့ စိန်ရတုပြည်ထောင်စုနေ့မှာ ဂုဏ်ပြုတဲ့ ဂုဏ်ပြုယာဉ်တွေ ခင်းကျင်းပြသထားတာကို လာရောက်ကြည့်ရှုဖြစ်တာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးတွေရဲ့ခမ်းနားမှုနဲ့ ပြည့်စုံလှတဲ့ ပြကွက်တွေ လာရောက်ကြည့်ရှုသူတွေအတွက် ဗဟုသုတများစွာ ရရှိပါတယ်။ ချင်းပြည်နယ် ဂုဏ်ပြုယာဉ်ပေါ်က ဘုံတလာရေတံခွန်ဆိုရင် ရေတွေစီးကျနေတာက တကယ့်ရေတွေနဲ့သရုပ်ဖော် ပြသထားမှုတွေကြောင့် အမှတ်တရဓာတ်ပုံရိုက်ဖို့အတွက်လည်း အတော်လေးကောင်းပါတယ်။ လာရောက်လေ့လာခွင့်ရတာကို ကျေနပ်ပီတိဖြစ်မိပါတယ်။

**မခင်သီတာအောင်**
**လာရောက်လေ့လာသူ**
**အေလာမြို့**

တီဗွီက ကြည့်ရတဲ့အချိန်မှာ တိုင်းနဲ့ပြည်နယ်က အထိမ်းအမှတ်တွေရှိတဲ့အတွက်ကြောင့် လာရောက်လေ့လာဖြစ်တာပါ။ ဒီနေ့နောက်ဆုံးနေ့ဆိုတော့ အရင်ရက်တွေကထက် စည်လည်းစည်တယ်။ ကျွန်မတို့ဒီကိုလာတာ မိသားစုလိုက်ပါ။ အားလုံး ငါးယောက်ပါ။ ညတုန်းကလည်း တိုင်းရင်းသားရိုးရာအကတွေနဲ့ ဖျော်ဖြေတာ တီဗွီမှာကြည့်လိုက်ရတယ်။ အခုဒီနေ့ တိုင်းနဲ့ပြည်နယ်က အထင်ကရတွေ အထိမ်းအမှတ်တွေနဲ့ တိုင်းရင်းသားရိုးရာအလိုက် ကပြဖျော်ဖြေတင်ဆက်မှုတွေကို ကြည့်ရှုလို့ပြီးရင် တိုင်းရင်းသားတွေရဲ့ နာမည်ကြီး အစားအစာတွေ အားပေးပြီးမှ ပြန်မှာပါ။ ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကို အခုလိုစည်စည်ကားကားကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း ဒီနှစ်လိုစည်စည်ကားကား ကျင်းပပေးစေချင်ပါတယ်။

**မအိမ့်မြတ်ခြယ်၊ မလဝန်းအိမ်**
**အလက မင်္ဂလာဇေယျုံ**

(၇၅) နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အထင်ကရတွေကို ယာဉ်တွေနဲ့အတူ တိုင်းရင်းသားရိုးရာအကတွေ ဖျော်ဖြေတင်ဆက်တာတွေကို သတင်းစာတွေဖတ်၊ တီဗွီတွေမှာကြည့်လိုက်ရတဲ့အတွက် သမီးတို့ကျောင်းက သူငယ်ချင်းတွေစုပြီး လာရောက်လေ့လာတာပါ။ ကျောင်းသင်ခန်းစာမှာ သင်ခဲ့ရတဲ့ မင်းကွန်းခေါင်းလောင်းကြီးနဲ့ ပင်လုံကျောက်တိုင်တွေကို ကြည့်ရှုလေ့လာခဲ့ပါတယ်။ ယာဉ်တွေအပေါ်တက်ပြီး လေ့လာတဲ့အခါမှာ မကွေးတိုင်းဒေသကြီးက ဆီဆုံကြီးကို သမီးတို့ပိုပြီးစိတ်ဝင်စားကြပါတယ်။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အထင်ကရ အထိမ်းအမှတ်အားလုံးကို တစ်နေရာတည်းမှာ လေ့လာခွင့်ရလို့ စီစဉ်ပေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ကိုဟိန်းစစ်ပိုင် (မင်းသား)**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ မင်းသားအကနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြီး (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခွင့်ရတာ အတိုင်းမသိဝမ်းသာပါတယ်။ ဂုဏ်ပြုပြီးတဲ့နောက် ဒီတပေါင်းကွင်းထဲမှာ ပြည်သူတွေကို ဖျော်ဖြေမှုပေးရတဲ့အခါ ထင်မှတ်မထားလောက်အောင် မင်းသားအကကို ချစ်မြတ်နိုးကြတာ တွေ့ရပါတယ်။ လာရောက်လေ့လာကြတဲ့ပြည်သူတွေက ချစ်ခင်မှုတွေ အသိအမှတ်ပြုမှုတွေနဲ့ မင်းသားဝတ်စုံဝတ်ထားတဲ့ကျွန်တော်အပါအဝင် ဂုဏ်ပြုယာဉ်ကြီးနဲ့ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတယ်။ ဂုဏ်ပြုယာဉ်ကြီးတွေပေါ်မှာ ပြသထားတဲ့ ကိုယ်စားပြုပြကွက်တွေကို အသေးစိတ်လေ့လာမှတ်သားကြတာတွေ့ရပါတယ်။ ဒီဂုဏ်ပြုယာဉ်တွေ ပြသထားတဲ့ပြပွဲမှာ လေ့လာကြည့်ရှုသူတွေက လူထောင်ချီရှိပါတယ်။ ဒီနေ့က နောက်ဆုံး ပြသတဲ့နေ့ဆိုတော့ အရင်ရက်တွေထက်ကို ပိုပြီး များပြားပါတယ်။ လာမယ့်နှစ်မှာလည်း ပြည်ထောင်စုနေ့ကို အခုလိုပဲ စည်စည်ကားကားနဲ့ ဂုဏ်ပြုခွင့် ရချင်ပါတယ်။

**ဦးမျိုးဦး**
**ရှမ်းအစားအစာရောင်းချသူ**

ကျွန်တော်က အရင်ကတည်းက ရှမ်းအစားအစာရောင်းတာ ဆိုတော့ အခုစိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားမှာ ရှမ်းအစားအစာရောင်းချပေးပါဆိုလို့ ရောင်းချရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုင်မှာ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး၊ မြီးရှည်၊ အမဲအူသုပ်၊ အသုပ်စုံအပြင် ရှမ်းရိုးရာ ဆန်အရက်လည်း ရောင်းချပါတယ်။ လာရောက်လေ့လာကြသူတွေထဲက အများဆုံးအားပေးတာကတော့ ရှမ်းခေါက်ဆွဲနဲ့ တို့ဟူးနွေးပါ။ တစ်ရက်တစ်ရက်ကို လေးသိန်းလောက် ရောင်းရပါတယ်။ အပြင်မှာရောင်းချတဲ့ ဈေးနှုန်းနဲ့မကွာစေဘဲ ဈေးသက်သက်သာသာနဲ့ ဝယ်ယူအားပေးနိုင်ဖို့လည်း စီစဉ်ရောင်းချခဲ့ပါတယ်။

**ဦးမောင်မောင်ချို**
**ရှမ်းပြည်နယ် ဂုဏ်ပြုယာဉ်**
**တာဝန်ခံ**

ရှမ်းပြည်နယ် ကိုယ်စားပြုအနေနဲ့ အခုစိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲမှာ ဂုဏ်ပြုယာဉ်သုံးစီးနဲ့လာရောက်ပြသတဲ့နေရာမှာ တိုင်းနဲ့ပြည်နယ်ရဲ့ အထင်ကရနေရာတွေကို မသွားရောက်နိုင်တဲ့ ပြည်သူတွေအနေနဲ့လည်း ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေနဲ့ နာမည်ကြီးနေရာတွေကို ပြည့်ပြည့်စုံစုံသိရှိလေ့လာလို့ရတဲ့အတွက် အများကြီး လာရောက်လေ့လာကြပါတယ်။ ရှမ်းပြည်နယ်ရဲ့အထင်ကရတွေ၊ ဒေသထွက်ကုန်တွေကို သိမြင်ရတဲ့အတွက် ပြည်သူတွေအတွက် အများကြီးဗဟုသုတရရှိစေမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေပေးခဲ့တာကိုလည်း တစ်ခဲနက် လာရောက်အားပေးကြပါတယ်။

## ရမည်းသင်းမြို့နယ်အတွင်း၌ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှကျေးရွာ တောင်ကျောင်းတိုက် ဒက္ခိဏာရာမမဟာမုနိဘုရားကြီးပရိဝုဏ်တွင် (၆၃) ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၈၃ ခုနှစ် တပို့တွဲလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၂၉ ကျောင်း၊ ပင့်သံဃာ ၄၄၂ ပါး ကြွရောက်တော်မူကြရာ အလှူရှင်များက ဆွမ်း၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲ ၂ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စတင်ကျင်းပရာ သံဃာတော်များက ဘုရားကြီးပရိဝုဏ်စကြံပတ်လမ်းအတိုင်းကြွချီရာ အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဒါန်းဖွယ်အစုစုနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လောင်းလှူကြသည်။ မြို့လှအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော မြို့လှရွာ၊ တံတားဦးရွာ၊ ငှက်ပျောတောရွာ(မြို့ဟောင်း)နှင့် သီးကုန်းရွာနေပြည်သူများနှင့် ပတ်ဝန်းကျင်အုပ်စုကျေးရွာများမှလည်း လာရောက်လောင်းလှူကြသည်။

အလားတူပင် ရှေးဟောင်းသမိုင်းဝင် ရွှေယင်တောင် တောင်တော်မြတ် ရွှေယင်တောင်ကျောင်းတိုက်တွင်လည်း (၄၂) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ပြည်ထောင်စုဆိုတာ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေနဲ့ ခွဲခြားဆက်ဆံတာတွေမရှိဘဲ စုပေါင်းနေထိုင်နိုင်တာကို ပြည်ထောင်စုစိတ်ဓာတ်လို့ ခံယူထားပါတယ်

မောင်ခွန်ဘုန်းမြတ်သွင်

တွေ့ဆုံမေးမြန်း
မျိုးဆက်သစ်
ဓာတ်ပုံ- ကိုထိန်အေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ရှေ့တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၊ ဂုဏ်ပြုယာဉ်တာဝန်ခံများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။


ဦးစိုးပိုင်မြင့်


မောင်ခွန်ဘုန်းမြတ်သွင်


မဥမ္မာမင်းခိုင်


ဦးဆန်းဝင်း


ဒေါ်မြင့်အေး


ဦးစိုးအောင်

**ဦးစိုးပိုင်မြင့်**
**(လူမှုရေးရာဝန်ကြီး ၊ မကွေးတိုင်းဒေသကြီး)**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ တိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နဲ့ အတူ ရိုးရာယဉ်ကျေးမှုအဖွဲ့တွေက လှသော အညာမြေသီချင်းနဲ့ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဂုဏ်ပြုယာဉ် ၄၆ စီးထဲမှာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး က ပထမဆုရရှိတဲ့အတွက် တိုင်းဒေသကြီးရဲ့ ဂုဏ်ကိုဆောင်နိုင်ခဲ့လို့ အတိုင်းမသိဝမ်းသာပီတိ ဖြစ်မိပါတယ်။ မကွေးတိုင်းဒေကြီးဟာ နိုင်ငံရဲ့ အားကိုးရတဲ့ ရေနံတွင်းတွေ ပေါများတဲ့အတွက် ရေနံမြေဒေသလို့လည်း ပြောလို့ရပါတယ်။ ဂုဏ်ပြုယာဉ်အမှတ် (၁) မှာ မကွေးတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ ရေနံမြေတွေကို ကိုယ်စားပြုပြီး ရေနံတွင်းတူးစင်တွေ၊ ရေနံ စင်တွေ၊ ရေနံကန်တွေကို ပြသထားတာဖြစ်ပါတယ်။

ဂုဏ်ပြုယာဉ်အမှတ်(၂) မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့အထက်ခြေတော်ရာ၊ အောက်ခြေတော်ရာကို ပြသထားပြီး မန်းရွှေစက်တော်ဘုရားကြီးကို မြန်မာနိုင်ငံအနှံ့ လှည့်လည်အပူဇော်ခံတဲ့အနေနဲ့ ယာဉ်ရဲ့ မုခ်ဦးအပိုင်းမှာ ဂုဏ်ပြုပူဇော်ထားပါတယ်။ မကွေးတိုင်းဟာ မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးဆိုတဲ့ အတိုင်း ယာဉ်ရဲ့ရှေ့ခန်းမှာ ဆီအိုးကြီးကိုလည်း ပြသထားပါတယ်။ ဆီအိုးကြီးရဲ့ အောက်ခြေမှာတော့ မကွေးတိုင်းမှာရှိတဲ့ ခရိုင်ငါးခုပါတဲ့ မကွေးတိုင်းဒေသကြီး မြေပုံနဲ့ စလေရုပ်စုံကျောင်းက မြန်မာမှုအနုလက်ရာတွေကို ဖော်ပြထားပါတယ်။ ဘေးပတ်ပတ်လည်မှာတော့ ဒေသထွက်ကုန်တွေဖြစ်တဲ့ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းဝါ၊ မြေပဲ၊ နေကြာ၊ ဝါတို့ကို သရုပ်ဖော်ပြသထားပါတယ်။ ကျွန်တော်တို့ဒေသက ဝါအထူးအထွက်တိုးအောင် စီမံဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ နိုင်ငံဘဏ္ဍာ မြန်မာ့ဝါနဲ့ ချည်မျှင်ရှည် စိုက်ပျိုးတောင်သူ ဝင်ငွေတိုးဆိုတဲ့အတိုင်း ယာဉ်ရဲ့နောက်ပိုင်းမှာ ဝါတောင်းတွေ၊ ချည်မျှင်ရှည်ဝါတောင်းတွေကို ပုံဖော်ထားပါတယ်။ ယာဉ်ရဲ့ နောက်ပိုင်းမှာတော့ စက်မှုလုပ်ငန်းတွေမှာ ဆီကြိတ်စက်တွေနဲ့ကြိတ်နေတာမှန်ပေမယ့် ရွာတွေမှာ ရိုးရာယဉ်ကျေးမှုအရ နွားနဲ့ကြိတ်တဲ့ ဆုံလည်တွေလည်း ရှိနေသေးတယ်ဆိုတာ သိစေချင်တဲ့အတွက် ပြသထားပါတယ်။ နောက်မှာတော့ ရက်ကန်းရက်တာ အစစ်ကို ဖော်ပြထားပါတယ်။ ဒီနေ့ ရက်ကန်းရက်တာ လူနှစ်ယောက်စာပြီးသွားပါပြီ။

ဂုဏ်ပြုယာဉ်အမှတ်(၃)မှာ မကွေးတိုင်းဒေသကြီးရဲ့ ရိုးရာတွေကို သရုပ်ဖော်ပြသထားတာ ဖြစ်တဲ့အတွက် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်တဲ့ ဗိဿနိုးပျူမြို့ဟောင်းဒေသကိုယာဉ်ရဲ့ မုခ်ဦးမှာ ဂုဏ်ပြုဖော်ပြထားပါတယ်။ တိုင်းဒေသကြီးအတွင်းရှိ အထင်ကရနေရာတွေဖြစ်တဲ့ သမိုင်းဝင် မကွေးမြသလွန်ဘုရား၊ မင်းလှခံတပ်နဲ့ ကွေ့ချောင်းခံတပ် (ဂွေးချောင်းခံတပ်)တို့ကိုလည်း ဖော်ပြထားပါတယ်။ ကမ္ဘာမှာကျော်ကြားခဲ့တဲ့ မြိုင်ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းပြကွက်မှာတော့ မြေအိုးတွေနဲ့ ထမင်းချက်တဲ့ပြကွက်၊ ကြက်ဖခွပ်တာတို့ကိုတော့ ရိုးရာယဉ်ကျေးမှုဓလေ့အနေနဲ့ ဖော်ပြထားတာဖြစ်ပါတယ်။

**မောင်ခွန်ဘုန်းမြတ်သွင်**
**(စစ်ကိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့ကတော့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ အောင်လံတဝေဝေ ရွှေစစ်ကိုင်းဌာနေ သီချင်းနဲ့ ကပြဖျော်ဖြေပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ဆောင်အနေနဲ့ အခုလို စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဆင်နွှဲခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ဆုံးရက်ဖြစ်တဲ့အတွက် ဒီနေ့မှာ ဗြောအက အပြင် အရင်ရက်တွေက ကပြဖျော်ဖြေခဲ့တာတွေနဲ့ မတူတဲ့ ကွဲပြားခြားနားတဲ့ အကတွေနဲ့ ကပြဖျော်ဖြေတင်ဆက်သွားမှာပါ။ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတင်မကဘဲ ရတုအဆက်ဆက် ပါဝင်ဆင်နွှဲခွင့်ရချင်ပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ဆုံဖို့ဆိုတာ မလွယ်ပါဘူး။ အခုလို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ကိုယ့်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာတွေကို ဖော်ဆောင်ခွင့်ရတဲ့အတွက်လည်း ပီတိဖြစ်မိပါတယ်။ ပြည်ထောင်စုဆိုတာ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေနဲ့ ခွဲခြားဆက်ဆံတာတွေမရှိဘဲ စုပေါင်းနေထိုင်နိုင်တာကို ပြည်ထောင်စုစိတ်ဓာတ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကို ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**မဥမ္မာမင်းခိုင်**
**(နေပြည်တော်လက်ဆောင်ပစ္စည်းဆိုင်)**

ကျွန်မတို့ နေပြည်တော်လက်ဆောင်ပစ္စည်းဆိုင်မှာ နေပြည်တော်ဒေသထွက်တင် ရောင်းတာမဟုတ်ဘဲ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဒေသထွက်ကုန်တွေလည်းပါပါတယ်။ အခုရောင်းချပေးနေတဲ့ လက်ဆောင်ပစ္စည်းတွေကတော့ ပဲယို၊ ကတွတ်ယို၊ ပဲချောင်း၊ မြေပဲကြက်ဥ၊ မြေပဲစာဥ၊ မျှစ်ချဉ်၊ ဖရုံယို၊ ချင်းမန်ကျည်းဖလိပ်၊ ယိုကိုးမျိုး၊ ဝေဖာချောင်း၊ မုန့်ဩဇာ၊ ပုန်းရည်ကြီး၊ ကျောက်ဖရုံယို၊ မန်ကျည်းဖလိပ်၊ မုန့်ကြိုးလိမ်တို့ကို ရောင်းချပေးပါတယ်။ ရောင်းအားအကောင်းဆုံးကတော့ ယိုကိုးမျိုးပါ။ ဒီနေ့က ပွဲတော်နောက်ဆုံးရက်ဆိုတော့ လာရောက်ကြည့်ရှုတဲ့လူကလည်း များတော့ ယိုကိုးမျိုးက ရောင်းရတာ ကုန်သလောက်ဖြစ်နေပြီ။ မနေ့က မနက်ပိုင်းပဲ ရောင်းအားနည်းပြီး သုံးရက်အတွင်းမှာ ညနေပိုင်းတွေကတော့ အများဆုံးရောင်းရပါတယ်။ အစက ဒီလောက်ရောင်းရမယ်လို့ မမျှော်မှန်းထားဘူး။ အခုထိ ၁၅ သိန်းဖိုးလောက် ရောင်းရတယ်။ အခုလိုတော်တော်များများလာရောက်အားပေးကြတဲ့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ပြည်သူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးဆန်းဝင်း**
**(ဒုတိယဆုရ ရှမ်းပြည်နယ်ဂုဏ်ပြုယာဉ်)**

ကျွန်တော်တို့ ဂုဏ်ပြုယာဉ်အမှတ်(၁) မှာ ယာဉ်ရဲ့ရှေ့ပိုင်းမှာတော့ ရှမ်းပြည်နယ်မြေပုံကိုဖော်ပြထားပါတယ်။ နောက်ပိုင်းမှာတော့ ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်မွေးဖွားရာ ပင်လုံကျောက်စာတိုင်ကို ဖော်ပြထားပါတယ်။ နောက်ပြီး ရှမ်းပြည်နယ်မိုင်းရှူးမြို့နယ်မှာရှိတဲ့ ဟိုက်ပါရေတံခွန်ကို သရုပ်ဖော်ပြထားပါတယ်။ ဂုဏ်ပြုယာဉ်အမှတ် (၂)မှာတော့ ရှမ်းပြည်နယ်က ထွက်ရှိတဲ့သီးနှံတွေကို ဖော်ပြထားပြီး ပြည်နယ်ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ကွန်တိုလက်ဘက်စိုက်ခင်းကို သရုပ်ဖော်ပြသထားပါတယ်။ ဘေးဘက်မှာတော့ အာလူးခင်း၊ လက်ဖက်ခင်းတို့ကို ဗီနိုင်းနဲ့ သရုပ်ဖော်ပြသထားပါတယ်။ ဂုဏ်ပြုယာဉ်အမှတ်(၃) မှာတော့ ရှမ်းပြည်နယ်နဲ့ ရိုးရာအမွေအနှစ်တွေကို ဖော်ပြထားပါတယ်။ ရှေ့ပိုင်းမှာ ရှမ်းပြည်နယ်ရဲ့ သင်္ကေတဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာရုပ်ကို သရုပ်ဖော်ပြသထားပြီး နောက်ပိုင်းမှာတော့ အင်းရိုးရာ ဆွမ်းပို့တဲ့လှေနဲ့ ငါးဖမ်းလှေကို ပြသထားပါတယ်။ အလယ်မှာတော့ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ကိုယ်စားပြုပြီး မီးပုံးပျံကို ဖော်ပြထားပါတယ်။ နောက်ပိုင်းမှာတော့ တောင်ကြီးမြို့ရဲ့ အထင်ကရဖြစ်တဲ့ တောင်ချွန်းကို ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ်ကိုယ်စားပြုဂုဏ်ပြုယာဉ်အနေနဲ့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်တွေနဲ့ အတူ နောင်အင်းလေးသီချင်းနဲ့ ပါဝင်ဆင်နွှဲခဲ့ပြီး ဒုတိယဆုကို ရရှိခဲ့ပါတယ်။ ဒုတိယဆုရရှိတဲ့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်အတွက် ဂုဏ်ယူပါတယ်။

**ဒေါ်မြင့်အေး**
**(နန်းဩကျေးရွာ၊ ဇေယျာသီရိမြို့နယ်)**

မနက်က ဥပုသ်စောင့်ပြီး ဂုဏ်ပြုယာဉ်တွေကို ခင်းကျင်းပြသတာ နောက်ဆုံးရက်လို့ သိရတဲ့အတွက် အန်တီတို့အဖွဲ့ ၁၄ ယောက် လာရောက်ကြည့်ကြတာပါ။ အန်တီတို့က အသက်လည်း ကြီးပြီဆိုတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့တွေကို သွားရောက်လည်ပတ်ဖို့က မလွယ်တော့ အခုလို မြင်တွေ့ခွင့်ရတာ ဝမ်းသာတယ်။ အသက် ၅၅ နှစ်အတွင်းမှာ ဒီလိုယာဉ်တွေကို ပထမဆုံး မြင်ဖူးတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ကိုယ်မတွေ့ဖူး၊ မမြင်ဖူးတဲ့ အထင်ကရနေရာတွေ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို တစ်နေရာတည်းမှာ မြင်တွေ့ခွင့်ရလို့ ဗဟုသုတတွေလည်း ရပါတယ်။

**ဦးစိုးအောင်**
**(တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်)**

စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်အနေနဲ့ မမပုသိမ်သူ သီချင်းနဲ့ ကပြဖျော်ဖြေခဲ့ပါတယ်။ ဂုဏ်ပြုယာဉ်တွေကို ကွင်းကြီးထဲမှာ နေ့မနားညမအားနေပူခံ၊ အအေးခံပြီးတည်ဆောက်ရေးလုပ်ငန်း၊ တပ်ဆင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရပေမယ့် တတိယဆုရရှိတဲ့အတွက် အဲဒီအမောတွေအားလုံး ပြေရပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ် သုံးစီးထဲကမှ အမှတ်(၁) ယာဉ်ကတော့ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ရှေးဟောင်းသမိုင်းဝင် မော်တင်စွန်းဘုရားကို ဒေသရဲ့အထိမ်းအမှတ်အဖြစ် ဖော်ပြထားပါတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ ငွေဆောင်၊ ချောင်းသာ၊ ကမ်းသာယာ၊ ဂေါ်ရင်ဂျီကျွန်းတို့ရဲ့ ကမ်းခြေအလှတို့ကို ဖော်ဆောင်ပြသထားပါတယ်။ အမှတ်(၂) ယာဉ်မှာဆိုရင် စပါးရိတ်သိမ်းနေတဲ့ တောင်သူကြီးလင်မယားပုံနဲ့ နောက်မှာတော့ ခေတ်မီတဲ့ ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့လို့ ထွက်လာတဲ့ စပါးတွေကို ခေတ်မီဆန်စက်ကြီးတွေနဲ့ကြိတ်ခွဲပုံ၊ ထွက်လာတဲ့ဆန်တွေကို နိုင်ငံခြားတင်ပို့ပုံ စတာတွေကို အထူးပြုပြီး သရုပ်ဖော်ပြသထားပါတယ်။ အမှတ်(၃) ယာဉ်မှာ ဧရာဝတီတိုင်းက ထွက်ရှိတဲ့ ရှေးနှစ်ပေါင်းများစွာက အထင်ကရဖြစ်တဲ့ ပုသိမ်ထီး၊ ပုသိမ်ဟာလဝါတို့ကို ဖော်ပြထားပါတယ်။ ထွက်ကုန်တွေအပေါ် မူတည်ပြီးတော့ ယိမ်းအကနဲ့အတူ ပုသိမ်ထီး အကြီးတွေ၊ အသေးတွေနဲ့ ပုသိမ်ဟာလဝါတွေ၊ တိုင်းဒေသကြီးရဲ့ ထွက်ကုန်ပစ္စည်းတွေကို သရုပ်ဖော် ပြသထားပါတယ်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အားပေးသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသည့် အနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ စည်းလုံးပျော်ရွှင်စွာဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထများ ရရှိစေရန်နှင့် ဝန်ထမ်းများ၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်မှုရှိစေရန်အတွက်လည်းကောင်း ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးစီးဌာနများအလိုက် ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဆုရရှိသည့်အသင်းများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပါဝင်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုအလံ ကြိုဆိုရေးအဖွဲ့နှင့် ဝန်းရံသူများ၊ ချီတက်ဂုဏ်ပြုခဲ့ကြသော အရာထမ်း၊ အမှုထမ်းများ၊ ပံ့ပိုးကူညီခဲ့ကြသော အုပ်ချုပ်မှုအဖွဲ့နှင့် အထောက်အကူပြုအရံအဖွဲ့များအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဌာနအနေဖြင့် အောင်မြင်မှုရရှိခဲ့ပြီး အဆိုပါအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ Team Work ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့် စကားနှင့်အညီ အောင်မြင်မှုရရှိခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်မှ တိုင်းပြည်အေးချမ်းမည်၊ တိုင်းပြည်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပါဝင်ခွင့်ရခြင်းသည် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အခွင့်အခါကြုံပါက အင်တိုက်အားတိုက် အားသွန်ခွန်စိုက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထား၍ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ အရာထမ်း၊ အမှုထမ်းများကိုယ်စား ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုတို့က လက်ခံရယူခဲ့ကြသည်။

ယင်းနောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများကိုယ်စား ညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား စစ်ရေးပြဂုဏ်ပြုချီတက်ပွဲတွင် ပါဝင်ခဲ့သော အမျိုးသား အရာထမ်းတစ်ဦးနှင့် အမျိုးသမီး အရာထမ်းတစ်ဦးတို့က လေ့ကျင့်ရေးကာလတစ်လျှောက် အတွေ့အကြုံများကို မျှဝေတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဝန်ထမ်းများကို နေ့လယ်စာဖြင့် ဂုဏ်ပြုကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် ၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။



## ကြည့်ရှုအားပေး

ထမနဲထိုး ပြိုင်ပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများက အသင်းလိုက်စည်းလုံးညီညွတ်စွာ အားကြိုးမာန်တက်ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်လူကြီးများက အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများကို တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များက သောင်းသောင်းဖြဖြ အားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပထမဆုရရှိသည့် စစ်ဆေးရေးဦးစီးဌာနအသင်းကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဒုတိယဆုရရှိသည့် စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနအသင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က တတိယဆုရရှိသည့် ရုံးအဖွဲ့နှင့် နေပြည်တော် စာရင်းစစ်ရုံးအသင်းကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းက မြို့နယ်စာရေးဆရာအသင်းများသို့ စာအုပ်စာစောင်များ လှူဒါန်းပွဲပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်) ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဦးဆောင်သော အဖွဲ့ဝင်အင်အား ၅၀ ကျော်ပါဝင်သည့် ဘုရားဖူးလေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်ထိ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်သို့ ဒေသန္တရဗဟုသုတလေ့လာရေးနှင့် ဘုရားဖူးခရီးသွားရောက်ခဲ့ကြရာ ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီတွင် တောင်တွင်းကြီးမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်ရွှေအင်းတောင် စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဆီမီး၊ နံ့သာပူဇော်ခြင်းနှင့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများ လှူဒါန်းခြင်းနှင့် စာအုပ်စာစောင်များ ပေးအပ်ခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အလှူငွေများလှူဒါန်းခြင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်ရာတွင် ဘုရားဖူးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ရွှေအင်းတောင်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သာနှင့် အတွင်းရေးမှူး ဦးသာလှတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဆက်လက်၍ မြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းများသို့ ပညာဒါနအဖြစ် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ တောင်တွင်းကြီးမြို့နယ် ပြန်/ဆက်ဦးစီးဌာန မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဉာဏ်ဟိန်း

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# အသိပေးကြေညာချက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်နှင့် ဆက်စပ်လုပ်ငန်း များအား အွန်လိုင်းစနစ်ဖြင့် Myanmar Tradenet 2.0 စနစ်အား ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းအလိုက်လိုအပ်သည့်အချက်အလက် များ၊ စနစ်အသုံးပြုသည့် User Guide များကို Myanmar Tradenet Website ၏ Homepage တွင်လည်းကောင်း၊ လုပ်ငန်းစဉ်အကျဉ်းချုပ်အား Announcement တွင်လည်းကောင်းဖော်ပြထားရှိပြီး သက်ဆိုင်ရာဌာနများအလိုက် လိုအပ်ချက်ရှိပါက ထပ်မံဆက်သွယ်နိုင်သည့် Hot Line ဖုန်း/ email တို့ကို အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | သက်ဆိုင်ရာဌာနများ | နေပြည်တော် | | ရန်ကုန် | |
|---|---|---|---|---|---|
| | | ဖုန်းနံပါတ် | email | ဖုန်းနံပါတ် | email |
| ၁ | ပသက(အသစ်၊ သက်တမ်းတိုး)နှင့်ဆက်စပ်ကတ်ကိစ္စရပ်များ | ၀၆၇ - ၄၀၈၄၁၆ | dottradepolicy1@gmail.com | | |
| ၂ | ပသကပြင်ဆင်မှုကိစ္စရပ်များ | | | ၀၁ - ၃၈၈၂၉၄ | pathakaygn2022@gmail.com |
| ၃ | HS Code နှင့် ဝိုင်ကတ်ကိစ္စရပ်များ | ၀၆၇ - ၄၀၈၄၁၄<br>၀၆၇ - ၄၀၈၃၁၉ | dottradepolicy1@gmail.com | | |
| ၄ | Member နှင့် ပသက Binding ကိစ္စရပ်များ | | - | ၀၁ - ၃၇၁၂၁၉<br>၀၁ - ၃၇၅၆၆၈ | dotictygn@gmail.com |
| ၅ | ပို့ကုန်လိုင်စင်ပါမစ်ကိစ္စရပ်များ | ၀၆၇ - ၄၀၈၃၂၅ | exportandimport2022@gmail.com | ၀၁ - ၂၄၅၀၈၄ | dotyangonexport2016@gmail.com |
| ၆ | သွင်းကုန်လိုင်စင်ပါမစ်ဆိုင်ရာကိစ္စရပ်များ | ၀၆၇-၄၀၈၄၈၇<br>၀၆၇-၄၀၈၇၁၀<br>၀၆၇-၄၀၈၇၁၁ | exportandimport2022@gmail.com | ၀၁ - ၂၅၄၅၃၆ | ygnimport2019@gmail.com |
| ၇ | MIC မှ ခွင့်ပြု ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်ကိစ္စရပ်များ | | | ၀၁ - ၆၅၈၀၂၄ | micmoc400@gmail.com |
| ၈ | ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကိစ္စရပ်များ | ၀၆၇-၄၀၈၂၃၃ | roo.myanmar2014@gmail.com | ၀၁-၃၇၆၀၅၇ | ygnonlineco@gmail.com |
| ၉ | နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များ | ၀၆၇ - ၄၀၈၂၂၀<br>၀၆၇ - ၄၀၈၂၂၆ | dot.ict.tradenet@gmail.com | | - |

ကုန်သွယ်ရေးဦးစီးဌာန

## အလုံမြို့နယ်အတွင်း အိုမီခရွန်ရောဂါ ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်

အလုံ ဖေဖော်ဝါရီ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ည ၇ နာရီက မြို့နယ်အတွင်းရှိ လမ်းများအတွင်းတွင် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့အသိပညာပေး နှိုးဆော်ရာတွင် မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များအား ပြည်သူများ တိတိကျကျလိုက်နာကြရန်နှင့် ဧည့်သည်များ လက်ခံခြင်း မပြုကြရန်၊ နေအိမ်ပြင်ပသို့ထွက်လျှင် နှာခေါင်းစည်း တပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ လူစုလူဝေး ရှောင်ရှားခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းကို ပြည်သူများအထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ပြည်သူများအားလုံး ဆက်လက်လိုက်နာဆောင်ရွက်ကြရန်တို့ကို မြို့ပေါ်ရပ်ကွက်အတွင်းနှင့် လူစည်ကားရာနေရာများတွင် လိုက်လံနှိုးဆော်ပေးခဲ့ကြောင်း သိရသည်။

တင်တင်ချို (ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့်လွှတ်တော်သို့လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့သည် ယနေ့တွင် ရန်အောင်ချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)နှင့် လွှတ်တော်သို့ သွားရောက်လေ့လာကြသည်။

### လေ့လာကြည့်ရှု

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့် ဦးဆောင်သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ ရန်အောင်ချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်၍ ပြခန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် လွှတ်တော်အဆောက်အအုံများကို ဆက်လက်လေ့လာကြရာ ပြည်ထောင်စုလွှတ်တော် ဧည့်ကြိုဆိုရေးအဆောင်၌ ပြသထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သော ယွန်းထည်ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၉၂ မျိုးတို့ကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမများသို့ လေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် လွှတ်တော်ရေးရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲများ ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာတို့၏ ၁၂ လရာသီများအနက် တပို့တွဲလတွင် မြန်မာ့ရိုးရာဓလေ့ဖြစ်သည့် စုပေါင်းအားဖြင့် ပြုလုပ်ရသည့် ထမနဲထိုးပွဲများကို နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ တိုင်းစစ်ဌာနချုပ်များတွင်လည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ထိုသို့ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ယနေ့တွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ကြသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲများသို့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ဆုများပေးအပ်

ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိကြသည့် အသင်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၊ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ၁၃၈၃ ခုနှစ် တပေါင်းလဆန်း (၃၊ ၄၊ ၅၊ ၆) ရက်၊ ၂၀၂၂ ခုနှစ် မတ်လ(၄၊ ၅၊ ၆၊ ၇)ရက် သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၃ ခုနှစ် တပေါင်းလဆန်း(၇၊ ၈)ရက်၊ ၂၀၂၂ ခုနှစ် မတ်လ(၈၊ ၉)ရက် အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် (၄၇) ပါးစုံညီ ဒသမအစည်းအဝေးကြီးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၂ ရက်၊ ၂၀၂၂ ခုနှစ် မတ်လ ၃ ရက် ကြာသပတေးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများ ပင့်လျှောက်ထားပြီးဖြစ်သည်။

ထို့ပြင် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးကို ၁၃၈၃ ခုနှစ် တပေါင်းလဆန်း (၁၀၊ ၁၁၊ ၁၂)ရက်၊ ၂၀၂၂ ခုနှစ် မတ်လ(၁၁၊ ၁၂၊ ၁၃)ရက် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ ၂၀၂၂ ခုနှစ် မတ်လ ၁၀ ရက်၊ ကြာသပတေးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်ပေးတော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါစေတီတော်ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပသည်။

ရှေ့ဦးစွာ စေတီတော်မြတ်ကြီးအား ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများက ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ဆပ်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ(မိတ္ထီလာ) ဦးဆောင်သည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ယင်းနောက် အကြိမ် (၇၀) မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ကျင်းပရာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက ပဋ္ဌာန်းအောင်ပွဲအတွက် ဝမ်းမြောက်ကြောင်း ထောမနာစကားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်မြတ်တို့က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပေးတော်မူကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ကြေးစည်ကြေးမောင်း ၂၄ ချက် တီးခတ်ပူဇော်လျက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**





## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် (၁၃၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် စေတီတော်မြတ်ကြီးရင်ပြင်တော် ဓမ္မာရုံအတွင်း ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဇနိန္ဒဦးဆောင်၍ ဒေသခံဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ကြကာ ဆရာတော်ကြီးများက ဩဝါဒများ မြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ (၁၃၂) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော် သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၃၂) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားတွင် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်က ကိုးပါးသီလချီးမြှင့်ပေးကြားပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာသော ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ဝါဆိုဦးကျောင်းတိုက်နှင့် မြဝတီမြို့နယ်ရှိ ကိုးနဝင်းကျောင်းဇောတိရတနာစာသင်တိုက်တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိလေးကျွန်းမြေအုဋ္ဌကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တရားမဝင်ကျွန်းသစ်၊ သစ်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ လိုင်စင်မဲ့ ၁၈ ဘီးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၉၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ အမ်းမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ (၂၈ ဒသမ ၈၁၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၉၃၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ တမူးမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်း တရားမဝင်ကညင်သစ် (၁၁ ဒသမ ၃၁၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅,၇၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ (၃ ဒသမ ၁၁၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၈၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၄၁၄၈၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြိတ်၊ ချမ်းမြသာစည်နှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအနီးတွင် ကျော်စွာလင်းနှင့် ဇော်မင်းဦး(ခ)ဘိုလေးတို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ ကျော်စွာလင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ညနေ ၄ နာရီတွင် ကန်ဖျားရပ်ကွက် ဘုရားကိုးဆူလမ်းတွင် တက်ထွန်းကို စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဆိုင်ကယ်တစ်စီးနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ငွေကျပ် ၁၉၃၈ သိန်းတို့ကို လည်းကောင်း။



ကျော်စွာလင်း၊ ဇော်မင်းဦး(ခ)ဘိုလေးနှင့် တက်ထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၃) ရပ်ကွက် ၁၀၇ လမ်းနှင့် ၆၀ လမ်းထောင့်တွင် မင်းသူ (ခ) တုတ်ပု (ခ) ရဟ်မတွလ်လာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ ကို လည်းကောင်း၊ ထိုနေ့ ညနေ ၆ နာရီခွဲတွင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအနီး တောင်ကြီး-မိတ္ထီလာသွားကားလမ်းတွင် ကျော်မျိုး(ခ)ကြက်ကလေးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း (၉၄ ဒသမ ၁၄၅၉) တန်၊ သစ်မာ (၁၅ ဒသမ ၈၃၃၈)တန်၊ အခြား (၂၇၇ ဒသမ ၄၄၅၃) တန် စုစုပေါင်း (၃၈၇ ဒသမ ၄၂၅၀)တန်၊ ပြစ်မှုကျူးလွန်သူ ၅၄ ဦး၊ ယာဉ်/ယန္တရား ၂၁ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**



# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပုလဲမြို့နယ် အင်မထီးကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်ပစ်ခတ်၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ၁၆-၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအား အသက်တစ်ချောင်း ငွေငါးသောင်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော ဖမ်းဆီးရမိတရားခံများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၂-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ခေတ်အဆက်ဆက်ထင်ဟပ်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ကြေးမုံပြင် |
| ၀၉:၁၅ | မွေးမြူရေးရာအပြာပြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ညတောင့်' |
| ၁၁:၃၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁:၄၅ | ဆေးပင်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | (၇၆)နှစ်မြောက်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝှက်ပြုအငြိမ့် 'အဥ္စလီအငြိမ့်' |
| ၁၆:၃၅ | အသိပညာနှင့်အမှန်တရား |
| ၁၇:၁၅ | ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့အနုသုခုမပြခန်း' (အပိုင်း-၁) |
| ၁၇:၃၅ | MRTV Travelogue |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | MRTVရဲ့ ၇၆ နှစ်မြောက်ခရီး |
| ၁၉:၃၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၃၄) |
| ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်းတွဲ **'အဆိပ်သင့်မေတ္တာ'** |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:00 | Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi) |
| 07:07 | Myanmar Traditional Food: Mohinga |
| 07:27 | Discovering Tribes: Kanan their life and customs (Part-I) |
| 08:01 | Pan Tamawt... Stone Carving |
| 08:29 | Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone |
| 08:47 | Weaving Craft for a Living |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Gabon Pavilion at Expo 2020 Dubai |
| 09:36 | Ecstasy of Life |
| 09:41 | Dawei - Tavoy, Travel To The Southern Part Of Myanmar |
| 10:01 | Myanmar Masterclass: Artist Khin Maung Zaw |
| 10:10 | Star Bean Production |

**MRTV NRC**

**ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပုစွန်ရှာထွက်ခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ဒီဇိုင်နာဟီဟီနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
နွားနောက်မြီးစွပ်ပြုတ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သမလ၊ ဝိမလညီနောင်နှစ်ပါးဟံသာဝတီနန်းတည် (ပြဇာတ်)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းရှမ်းစတ္တူ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်

**ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)များမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များ ဖြေကြားပေးလျက်ရှိပြီး ဓာတ်ခွဲစစ်ဆေးသည့်နေရာများနှင့် ချိတ်ဆက်ပေးလျက်ရှိပါသည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိပြီး ဓာတ်ခွဲစစ်ဆေးသည့်နေရာများနှင့် ချိတ်ဆက်ပေးလျက်ရှိပါ၍ ဖော်ပြပါဇယားတွင်ပါရှိသည့် ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

**ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် ပိုက်ဆံမရှိစစ်ဆေးနိုင်ပါသည်**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)များ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ် နံနက် (၉) နာရီမှ ညနေ (၄) နာရီအထိ ပိုက်ဆံမရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီများက ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန် ချိတ်ဆက်ကူညီပေးလျက်ရှိ**

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန် လိုအပ်သောလူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့်တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းတိုင်ပင်နိုင်မည့် (Teleconsultation Program) ဆောင်ရွက်လျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation)နှင့် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်း တိုင်ပင်နိုင်မည့် (Teleconsultation Program)အတွက် အထူးကုဆရာဝန်နှင့် ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ပါ၍ အဆိုပါပညာရှင်အဖွဲ့များ၏ ဖော်ပြပါဇယားတွင်ပါရှိသည့် ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ (၂၄) နာရီ ပိုက်ရက်မရှိဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ

| ခရိုင်အမည် | ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)သို့ (၂၄)နာရီဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ (ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက် ၍ သိရှိလိုသည်များမေးမြန်းရန်) | ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့(Teleconsultation Team)သို့ (၂၄) နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ (ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းတိုင်ပင်ရန်) |
|---|---|---|
| တောင်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၆၇ | ၀၉ ၈၈ ၂၅၅ ၃၆၀၅ |
| | ၀၉ ၈၈ ၂၅၅၅၀၆၈ | ၀၉ ၈၈ ၂၅၅ ၃၆၀၆ |
| | ၀၉ ၈၈ ၂၅၅၅၀၆၉ | |
| မြောက်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၇၁ | ၀၉ ၈၈၂၅၅၄၀ ၀၈ |
| | ၀၉ ၈၈ ၂၅၅၆၃၃၈ | ၀၉ ၈၈၂၅၅၄၀ ၀၉ |
| | ၀၉ ၈၈ ၂၅၅၆၃၄၀ | |
| အနောက်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၆၃ | ၀၉ ၈၈၂၅၅၄၀ ၁၀ |
| | ၀၉ ၈၈ ၂၅၅၅၀၆၄ | ၀၉ ၈၈၂၅၅၄၀ ၁၁ |
| | ၀၉ ၈၈ ၂၅၅၅၀၆၅ | |
| အရှေ့ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၄၉ | ၀၉ ၈၈၂၅၅၄၀ ၀၅ |
| | ၀၉ ၈၈ ၂၅၅၅၀၆၁ | ၀၉ ၈၈၂၅၅၄၀ ၀၆ |
| | ၀၉ ၈၈ ၂၅၅၅၀၆၂ | |

ကျန်းမာရေးဝန်ကြီးဌာန

❖ **မြို့နယ်အချို့ရှိမှ**

ည ၇ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အလားတူ ည ၁၂ နာရီခွဲတွင် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ဇီးဖြူကုန်းကျေးရွာ၏မြောက်ဘက်တစ်ဖာလုံခန့်အကွာမှနေ၍ လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မိနစ် ၃၀ အကြာတွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ စာသင်ကျောင်းများနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အင်္ဂပူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲအခမ်းအနား ကျင်းပ

**အင်္ဂပူ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ကြီးမှူးပြီး သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ခေါင်းလောင်းတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ ပိန္နဲတိုင်ပြုပြင်မွမ်းမံပြင်ဆင်တင်လှူခြင်း၊ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ နဝကမ္မကပ်လှူခြင်း၊ နေ့ဆွမ်း၊ နေ့အချိုကပ်လှူခြင်း ရေစက်ချအခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက်က သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား တင်လှူပူဇော်ပြီးနောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းကို မြို့နယ်သံဃနာယက ဆရာတော် ဦးဆောင်သော ဆရာတော်ကိုးပါးမှ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အလှူရှင်များက နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်း၍ ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်၍ တက်ရောက်လာသူများကို အလှူရှင်က နေ့လယ်စာများ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နေ ကျော်စွယ်စုံ(ခ) စွယ်စုံသည် ၎င်းအသုံးပြုသည့် “Georde Swezone” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ ကျော်နှင်းဆီသည် ၎င်းအသုံးပြုသည့် “Htuemyat Myonaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုယ်ရေးအချက်အလက်ဆိုင်ရာချိုးဖောက်မှုဖြင့် တက္ကဆက်ပြည်နယ်က ဖေ့စ်ဘွတ်အား တရားစွဲဆို




**တက္ကဆက် ဖေဖော်ဝါရီ ၁၅**

လူမှုမီဒီယာဖြစ်သော ဖေ့စ်ဘွတ်၏ လုပ်ငန်းခွဲဖြစ်သည့် မီတာ (META)သည် မျက်နှာပြင်ဖတ်နည်းပညာကို အသုံးပြုပြီး တက္ကဆက်ပြည်နယ်ရှိ ဖေ့စ်ဘွတ်သုံးစွဲသူသန်းပေါင်းများစွာ၏ ကိုယ်ရေးအချက်အလက်များအား သုံးစွဲသူများ၏ ခွင့်ပြုချက်မရယူဘဲ သုံးစွဲခဲ့သဖြင့် တက္ကဆက်ပြည်နယ်ရှေ့နေချုပ်ရုံးမှ ယမန်နေ့က တရားစွဲဆိုခဲ့ကြောင်း သိရသည်။

၎င်းကိုယ်ရေးအချက်အလက်များအား တက္ကဆက်ပြည်နယ်အတွင်းရှိ ဖေ့စ်ဘွတ်သုံးစွဲသူများ လွှင့်တင်ထားသော ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များမှနေ၍ ရယူသုံးစွဲခဲ့ခြင်းဖြစ်ကာ ၎င်းကိုယ်ရေးအချက်အလက်များသည် အခြားဖေ့စ်ဘွတ်သုံးစွဲသူများထံ ရောက်ရှိခဲ့ကြောင်း သိရသည်။ ယခုဖြစ်ရပ်သည် ဖေ့စ်ဘွတ်၏ သုံးစွဲသူများအား ကိုယ်ရေးအချက်အလက်ဆိုင်ရာ စောင့်ရှောက်ရမည့်စည်းမျဉ်းကို ချိုးဖောက်ခြင်းဖြစ်၍ တက္ကဆက်ပြည်နယ်ရှိ ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက္ကဆက်ပြည်နယ်ရှေ့နေချုပ် ကန်ပက်စတန်က ပြောကြားသည်။

ယခုစွပ်စွဲမှုများသည် အခြေအမြစ်မရှိသောကြောင့် မိမိတို့ကုမ္ပဏီသည် မိမိကိုယ်ကို အပြည့်အဝ ခုခံချေပသွားမည်ဖြစ်ကြောင်း မီတာမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ မီတာသည် ယမန်နှစ် နိုဝင်ဘာလက သုံးစွဲသူများအတွက် ထားရှိသော မျက်နှာပြင်ဖတ်နည်းပညာအား ဖျက်သိမ်းပြီး သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များအား ဖယ်ရှားပေးမည်ဟု ပြောကြားခဲ့သည်။ အီလီနွိုက်ပြည်နယ်တွင်လည်း ယမန်နှစ်က ၎င်းကဲ့သို့သော တရားစွဲဆိုမှုဖြစ်ပွားခဲ့ရာ ဖေ့စ်ဘွတ်က ကန်ဒေါ်လာသန်း ၆၅၀ လျော်ကြေးပေးအပ်ရန် သဘောတူညီခဲ့သည်။

**ကိုးကား – စီဂျီတီအင်န်**

**ဘာသာပြန် – စိုးသူရ**




# ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးစီးသူ နိုင်ငံတကာခရီးသည်များအား အင်ဒိုနီးရှားက ကိုဗစ်-၁၉ ဆိုင်ရာ သီးခြားစောင့်ကြည့်ကာလ လျှော့ချသတ်မှတ်

**ဂျကာတာ ဖေဖော်ဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံသို့လာရောက်မည့် ကိုဗစ်–၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပြီးစီးသူ နိုင်ငံတကာခရီးသည်များသည် နိုင်ငံအတွင်း ရောက်ရှိသည့်အချိန်တွင် ကိုဗစ်–၁၉ ဆိုင်ရာသီးခြားစောင့်ကြည့်မှုကို သုံးရက်သာ ခံယူရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး လူဟက်ဘင်ဆာပန်ဒီဂျေဒန်က ပြောကြားသည်။

ယခုအစီအစဉ်အား လာမည့် သီတင်းပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်မည့် ကိုဗစ်–၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပြီးစီးသူ အင်ဒိုနီးရှားနိုင်ငံသားများအတွက်ပါ အကျုံးဝင်မည်ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၎င်းခရီးသည်များအနက် ကိုဗစ်–၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူများမှာ ကိုဗစ်–၁၉ ဆိုင်ရာ သီးခြားစောင့်ကြည့်မှုကို ငါးရက်ခံယူရမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း အိုမီခရွန်မျိုးကွဲကြောင့် ကိုဗစ်–၁၉ ကူးစက်မှုများ မြင့်တက်နေပြီး ... (continues) ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ကိုဗစ်–၁၉ ကူးစက်မှုများ များပြားနေပြီး နိုင်ငံအတွင်းရှိ ကိုဗစ်–၁၉ ကူးစက်မှု များပြားသောဒေသများတွင် ရုံးများရှိ ဝန်ထမ်းများအား ၅၀ ရာခိုင်နှုန်းသာ ရုံးတက်ခွင့်ပြုထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ရုရှားက ယူကရိန်းအား ကျူးကျော်မည်ဟု ပြောကြားချက်မှာ ကောလာဟလဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၁၅**

ရုရှားက ယူကရိန်းနိုင်ငံအား ကျူးကျော်မည်ဟူသော အနောက်နိုင်ငံများ၏ ပြောကြားချက်များမှာ ကောလာဟလသာဖြစ်ပြီး သတင်းအချက်အလက်ဆိုင်ရာ အကြမ်းဖက်မှုသာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗရော့ဗ်က သတင်းစာရှင်းလင်းပွဲတွင် ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံသည် မိမိ၏ နယ်မြေတွင် ဘီလာရုစ်နိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းအပေါ် ထိန်းချုပ်စောင့်ထိန်းမှုမရှိဘဲ ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းအား သတင်းအချက်အလက်ဆိုင်ရာ အကြမ်းဖက်မှုအဖြစ်သာ သတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းအား မကြာမီအချိန်တွင် ကျူးကျော်မည်ဖြစ်ကြောင်း အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက ထင်မြင်ချက်ပေးနေသော်လည်း လက်ရှိအချိန်တွင် ရုရှားအနောက်ပိုင်းနှင့် တောင်ပိုင်းစစ်ဒေသရှိ တပ်ဖွဲ့ဝင်များအား အထက်ပါ စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ပြီးဆုံး၍ မိမိတို့၏ စခန်းများသို့ ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ပြန်ကြရန် ညွှန်ကြားထားကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အိုင်ဂေါ် ကိုနာ့ရှင်ကော့ဗ်က ပြောကြားသည်။ ရုရှားနှင့် ဘီလာရုစ်တို့ ပူးပေါင်းပြုလုပ်သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှု the Allied Resolve 2022 အား လက်ရှိအချိန်တွင် ဘီလာရုစ်နိုင်ငံတွင် ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် လက်နက်ပစ်ခတ်ယှဉ်ပြိုင်မှုများကို Obuz–Lesnovsky လေ့ကျင့်ရေးကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အစောပိုင်းက အမေရိကန်သမ္မတဘိုင်ဒင်သည် ရုရှားက ယူကရိန်းနိုင်ငံအား ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျူးကျော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – တက်စ်သတင်းအေဂျင်စီ**

**ဘာသာပြန် – စိုးသူရ**


| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၁၄၆၀၅၀၆၉ ဦး |
| သေဆုံးသူ | ၅၈၄၇၇၆၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၃၆၆၇၉၄၈၇ ဦး |

# အစ္စရေးနိုင်ငံ၏ ပထမဆုံး ကွမ်တန်နည်းပညာသုံးကွန်ပျူတာအား ထုတ်လုပ်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၅**

အစ္စရေးနိုင်ငံ၏ ပထမဆုံး ကွမ်တန်နည်းပညာသုံးကွန်ပျူတာအား အစ္စရေးငွေ ရှာကယ်သန်း ၂၀၀ (ကန်ဒေါ်လာ ၆၂ သန်း) ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးတီထွင်ဆန်းသစ်မှုဆိုင်ရာအာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ အမျိုးသားကွမ်တန်သိပ္ပံနှင့် နည်းပညာအစီအစဉ်အရ အဆိုပါအဖွဲ့နှင့် အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနတို့က ငွေကြေးထည့်ဝင်ပြီး ကွမ်တန်နည်းပညာသုံး ကွန်ပျူတာအား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်အား စတင်ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် အခြေခံကျသည့် ဆောင်ရွက်ချက်သာမကဘဲ နည်းပညာနှင့် အင်ဂျင်နီယာကဏ္ဍများကိုပါ အကျိုးရှိသွားမည်ဖြစ်ကြောင်း သိရသည်။



ကွမ်တန်နည်းပညာသုံး ကွန်ပျူတာသည် စာရင်းအင်းဆိုင်ရာတွက်ချက်မှုများကို အများအပြားဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အရှေ့ဥရောပရှိနိုင်ငံများ ကိုဗစ်-၁၉ စည်းမျဉ်း လျင်မြန်စွာ ဖြေလျှော့ခြင်းမပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၁၅**

ကမ္ဘာတစ်ဝန်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေခြင်းကြောင့် အရှေ့ဥရောပရှိနိုင်ငံများအား ကိုဗစ်–၁၉ ဆိုင်ရာစည်းမျဉ်းများကို လျင်မြန်စွာရုပ်သိမ်းခြင်းမပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး ဟန်ကလုစ်က ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ၎င်းဒေသမှ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှု၊ ရောဂါစစ်ဆေးမှုနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ဥရောပဒေသအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၆၅ သန်းကျော်၊ ၎င်းရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၈ သန်းရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ကျန်းမာမှု အနုပညာ

ဆရာမဲဇာ

လူအမျိုးမျိုး စိတ်အထွေထွေရှိရာမှာ အသိပညာဖြည့်တင်းပေးရသူအတွက် အလွန်ပင် ခက်ခဲလှပါသည်။

ဤအလုပ်ကိုမှ စွဲစွဲလမ်းလမ်း မနားမနေလုပ်ခဲ့မိသော ကျွန်တော့်အနေဖြင့် နှစ်ပေါင်းငါးဆယ်ကျော် မြုပ်နှံထားခဲ့သော်လည်း မျှော်မှန်းရလဒ်များမှာ အသေဖြောင့်စရာ အကြောင်းမမြင်လှပါ။ စွဲစွဲမြဲမြဲ သိစေချင်သောအသိ၊ နိစ္စဓူဝ လုပ်ကြစေလိုသော အလုပ်များဖြင့် လူတစ်ဦးချင်းနှင့် လူထုအတွင်း ကျန်းမာမှုအဆင့် မြင့်စေလိုသော်လည်း လူတို့၏ လက်တွေ့ဘဝတွင် ပရိယေသန ဝမ်းစာရေးကြောင့် ကျန်းမာရေးသည် မဖျားမနာမချင်း ဦးစားပေးအဆင့် တက်မလာခဲ့ပါ။

ယခု ကမ္ဘာကြီးသည် ဖျားနာလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါမှာလည်း ပိုရှိ ပို၍ ဆိုးလာသည်။ ပြည်သူ့ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ အချိန်ကျပြီဟု အော်နေကြသော ပညာရှင်များကို အားနာစရာအဖြစ်။ ကိုဗစ်ကုသဆေးတွေ ထုတ်လုပ်ရာမှာ၊ ကိုဗစ်ကာကွယ်ဆေးတွေ တီထွင်ရာမှာ ဒေါ်လာသန်းပေါင်းထောင်ချီ၍ ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။ စဦးတီထွင်သူ နှစ်ဦးမှာ ဒေါ်လာသန်းတစ်ထောင်ကျော်စီ ရရှိသွားပါပြီ။ ထိုကုမ္ပဏီကြီး နှစ်ခုထဲသို့ အလုပ်အယက် ရှယ်ယာထည့်ဝင်ကြသူများမှာ ချမ်းသာလာကြလေပြီ။

ဤသို့ ကုသရေး၊ ကာကွယ်ရေးဘက်၌သာ အကျိုးအမြတ်ရာ၍ ရင်းနှီးမြှုပ်နှံနေကြခြင်းသည် မှန်၊ မမှန်ဆိုသည့်အချက်ကို လက်တွေ့ပြသည့် အနေဖြင့် ဆင်းရဲသောနိုင်ငံများမှ ပြည်သူများ၊ ချမ်းသာသောနိုင်ငံများနေ ဆင်းရဲသူများက အဖြေပေးနေကြသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း၊ သေနှုန်းနှင့် ဗိုင်းရပ်စ်မျိုးစိတ်ကွဲများ တစ်ဆင့်ပြီးတစ်ဆင့် ထွက်ပေါ်လာသည့် အဖြစ်အပျက်များ၊ ကျွမ်းကျင်လုပ်သား ရှားပါးလာသော ပြဿနာများ၊ ကိုဗစ် စိတ်ရောဂါများ၊ ကိုဗစ်နာတာရှည်ရောဂါသည်များမှအစ စာရင်းကောက်၍ မဆုံးနိုင်အောင် ရှိပါသည်။ စာရင်းကောက်၍ရသမျှ ကိုဗစ်-၁၉ ရောဂါလက္ခဏာများမှာ ၉၈ မျိုးအထိ ရှိနေသည်။ အနာမျိုး ၉၆ ပါးထက်ကျော်၍ များနေလျက် ဆေးကုဖို့အရေးမှာသာ ဦးစားပေးလျက်ရှိနေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေသည် ကမ္ဘာကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလုံးကို ပြောင်းလဲရန် တောင်းဆိုလျက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က အကြိမ်ကြိမ် နှုတ်ဖြင့် တိုက်တွန်းနေသော်လည်း လက်တွေ့ဘဝမျှဖြစ်မလာသေးပါ။ COVAX ခေါ် ပုံစံဖြင့် ကမ္ဘာပေါ်ရှိ ဆင်းရဲသောနိုင်ငံများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး မျှမျှတတ ဖြန့်ဝေရေးကိစ္စတွင်ပင် လက်တွေ့အဆင်မပြေသေးပါ။

မိမိကိုယ်တိုင်၏ ကျန်းမာရေးအတွက် "ဘယ်သူ့ကိုယုံမှတ်ပြီး ပုံအပ်ရမှာလဲ" ဟူ၍သာ မေးချင်ပါသည်။ ၃၀-၁-၂၀၂၂ ရက်နေ့ စာရင်းချုပ်အရ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၉ ဘီလီယံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၀ ဘီလီယံ ထိုးပေးပြီးဖြစ်ကြောင်း သိရသည်။ စာရွက်ပေါ်တွင် တွက်လျှင် လူတိုင်းကာကွယ်ဆေးတစ်လုံးကျ ထိုးပြီးရုံမက အလုံးရေနှစ်ဘီလီယံခန့် ပိုလျှံနေသေးသည်ဟု ဆိုနိုင်သော်လည်း ဆင်းရဲသောနိုင်ငံများရှိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ ထိုးပေးပြီးဖြစ်နေ၏။ ချမ်းသာသောနိုင်ငံအချို့တွင်မူ လူတစ်ဦးလျှင် လေးကြိမ်အထိ ကာကွယ်ဆေးထိုးပြီးဖြစ်ကာ အသက် ငါးနှစ်အရွယ်အထိ ကာကွယ်ဆေးထိုးပေးနေပြီဖြစ်သည်။

ဆင်းရဲသောနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဖိစီးမှုများမှာ မှန်းဆ၍မရနိုင်အောင် ဆိုးရွားလျက်ရှိပါ၏။ ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးလည်း ထိုးခွင့်မရ၊ ကုသဆေးမှာလည်း အဝေးကြီးဖြစ်နေရုံမက ပုံမှန်ဆေးကုသမှုမျိုးပင် မလုပ်နိုင်လောက်အောင် ကျန်းမာရေးကဏ္ဍသည် ပျက်ယွင်းလျက်ရှိသည်။ ပုံမှန်သေဆုံးမှုများအပြင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမှာ ပေါင်းရုံနှင့် မပြီးသေးပါ။

နဂိုကပင် မပြည့်မစုံ ကုသပေးနေရသော တီဘီရောဂါ၊ ခုခံကျရောဂါများအတွက် ဆေးဝါးများသာမက ဆေးကုသမှုပေးသည့်စနစ်များပါ ထိခိုက်သွားသဖြင့် ရောဂါတိုးရုံမက ထိုသူများထံ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရပါက ဗီဇပြောင်း ကိုဗစ်-၁၉ များ ထွက်လာနိုင်ကြောင်း တွေ့ရသည်။ ၃၁-၁-၂၂ ရက်နေ့ သတင်းအရ တောင်အာဖရိကနိုင်ငံမှ HIV ပိုးရှိသော အမျိုးသမီးတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် ကိုးလကြာနေထိုင်ပြီး သူမ၏ ခန္ဓာကိုယ်အတွင်း ဗီဇပြောင်းလဲမှု ၂၁ ကြိမ်ဖြစ်ခဲ့ကြောင်း သိရလေသည်။ သို့နှင့် အိုမီခရွန်ဗိုင်းရပ်စ်သည် ကမ္ဘာပတ်လျက်ရှိပါပြီ။

ဆင်းရဲ၍ အာဟာရမပြည့်၊ ကျန်းမာအောင်နေဖို့ခက်၊ တစ်သက်တာစုထားသည့် နာတာရှည်ရောဂါများကြားတွင် ကိုဗစ်-၁၉ က ထပ်ပိုးဒုက္ခပေးနေသည်ကို လျစ်လျူရှုထားသော ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးသည် ယခုကျမှ ဒဏ်ခတ်ခံနေရပေပြီ။ ဆင်းရဲသူတို့ကြားတွင် ဖြစ်လာသမျှ ကိုဗစ်မျိုးကွဲများသည် ချမ်းသာသောနိုင်ငံများသို့ တစ်ပြန်တစ်လဲ ဒုက္ခပေးလျက်ရှိပေပြီ။

> **နဂိုကပင် မပြည့်မစုံ ကုသပေးနေရသော တီဘီရောဂါ၊ ခုခံကျရောဂါများအတွက် ဆေးဝါးများသာမက ဆေးကုသမှုပေးသည့်စနစ်များပါ ထိခိုက်သွားသဖြင့် ရောဂါတိုးရုံမက ထိုသူများထံ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရပါက ဗီဇပြောင်း ကိုဗစ်-၁၉ များ ထွက်လာနိုင်ကြောင်း တွေ့ရသည်။ ၃၁-၁-၂၂ ရက်နေ့ သတင်းအရ တောင်အာဖရိက နိုင်ငံမှ HIV ပိုးရှိသော အမျိုးသမီးတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် ကိုးလကြာ နေထိုင်ပြီး သူမ၏ ခန္ဓာကိုယ်အတွင်း ဗီဇပြောင်းလဲမှု ၂၁ ကြိမ်ဖြစ်ခဲ့ကြောင်း သိရလေသည်။ သို့နှင့် အိုမီခရွန်ဗိုင်းရပ်စ်သည် ကမ္ဘာပတ်လျက်ရှိပါပြီ**

လောလောဆယ်အခြေအနေအရ ဗိုင်းရပ်စ်မျိုးကွဲများနှင့် ကာကွယ်ဆေးများ၏ အားပြိုင်မှု (Variants versus Vaccines) ချိန်ခွင်လျှာတွင် ဗိုင်းရပ်စ်က အားသာနေသည်ဖြစ်၍ ကမ္ဘာ့ကပ်ရောဂါကြီး ရပ်ဆိုင်းရန် မျှော်လင့်ချက်သည် မျိုးကွဲပွားရာမှ မျိုးပျက်သွားမည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးအပေါ်၌သာ မူတည်နေတော့၏။ အပြန်အလှန်အားဖြင့် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ စုပေါင်းကြိုးစားမှုဖြင့် ကပ်ရောဂါကြီးကို ချုပ်ငြိမ်းစေနိုင်မည့် အခွင့်အရေးကျန်ရှိနေသေးသည်ဟု ဆိုရပေတော့မည်။

ကာကွယ်ဆေးရလာဖို့ အားကိုးနေရုံနှင့် လူသားတို့မှာ ကပ်ရောဂါကြီးကို နိုင်အောင် မကျော်လွှားနိုင်ပါ။ ရာနှုန်းပြည့်စိတ်ချရသော ကာကွယ်ဆေးများထွက်လာဖို့ စောင့်စားရမည့် ငါးနှစ်တာကာလအတွင်း ရောဂါရသေဆုံးကြရမည့်သူ များလှပါ၏။ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသော ကိုယ်ခံအားကို ထူထောင်ထားဖို့အတွက် အဓိကမှာ ကိုယ့်အားကိုယ်ကိုးဖို့သာ ဖြစ်ပါသည်။

အာဖရိကတိုက်တွင် များပြားလှသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည်များမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေခြင်း၊ ရောဂါပိုးဗီဇပြောင်းလဲမှုကို အားပေးခြင်းများရှိ၏။ ကိုယ်ခံအားကို ဖိထားသောဆေးများ မှီဝဲနေရသောလူနာများ (Immuno compromised) များမှာလည်း ဗိုင်းရပ်စ်တို့ ထင်သလိုလုပ်သမျှခံနေရ၏။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါ စသည့် ရောဂါအခံရှိသူများမှာလည်း ကိုဗစ်-၁၉ ရောဂါပိုးဝင်လျှင် ထိပ်ဆုံးက သေကျေရပါ၏။

ဤအခြေအနေအရပ်အရပ်ကို ပြောင်းလဲစေရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အံကိုက်ပြောင်းလဲရန် လိုနေပေပြီ။

ကမ္ဘာပေါ်တွင် ယခင်က မင်းမူခဲ့သော ကူးစက်ရောဂါအမျိုးမျိုးမှာ ကုသဆေးများ ကာကွယ်ဆေးများကြောင့် လုံးဝချုပ်ငြိမ်းသွားခြင်း (ဥပမာ - ကျောက်ရောဂါ)၊ ဦးကျိုးသွားခြင်း (ဥပမာ ပိုလီယိုရောဂါ)များရှိသလို ဝမ်းနှင့်ပတ်သက်သောရောဂါအချို့မှာလည်း အလွယ်တကူ မဖြစ်ပွားခြင်း၊ ဖြစ်ပွားလျှင်လည်း ထိန်းချုပ်၍ရခြင်းတို့ ရှိခဲ့၏။ ထိုအောင်မြင်မှုများကြားထဲမှာ အချိုးအစားပြောင်းလဲသွားသော ကူးစက်ရောဂါများထက် မကူးစက်နိုင်သော ရောဂါများက လွှမ်းမိုးလာခဲ့လေသည်။

ယခုနောက်ဆုံးပေါ် ကိုဗစ် - ၁၉ ကပ်ရောဂါမှာမူ ကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးများနှင့် မကူးစက်တတ်သော ရောဂါအခံရှိသူများ ထိပ်တိုက်တွေ့ကာ အသေအပျောက်များလျက်ရှိသည်။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ သွေးတိုးရောဂါ စသည့်ရောဂါများ ရှိနှင့်ပြီးသူတို့အတွက် ကိုဗစ် -၁၉ ပိုးဒဏ်ကို မခံနိုင်ဘဲ သေကောင်ပေါင်းလဲဝံစားရခြင်း၊ သေဆုံးရခြင်းများကို အချိန်တိုအတွင်း မယုံနိုင်စရာ တွေ့ကြုံရသဖြင့် ဆွေမျိုးများသာမက ကျန်းမာရေးဝန်ထမ်းများပါ အထူးပင်ကြေကွဲဝမ်းနည်းစွာ လက်လွှတ်လိုက်ကြရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး အပါအဝင် ကျန်းမာရေးဆိုင်ရာကဏ္ဍမှ သတိမထားမိသည့် အချက်မှာ လူတို့၏နေထိုင်မှုဘဝဟန် (Life - Style) များပင်ဖြစ်သည်။ မြို့ပြတွင် စုဝေးရောက်ရှိလာခြင်း၊ ကျပ်ညှပ်ပြွတ်သိပ်ဆင်းရဲစွာ နေထိုင်ရခြင်း၊ လူးလာခေါက်ပြန် ခရီးသွားရခြင်း စသည့် အချက်များကြောင့် ရောဂါပျံ့နှံ့မှု လျင်မြန်များပြားရုံမကဘဲ မူလ SARS COV-2 (ခေါ်) ကိုဗစ်-၁၉ မှ ဗီဇမျိုးကွဲ တစ်မျိုးပြီးတစ်မျိုးပြောင်းကာ ကမ္ဘာပတ်လျက်ရှိ၏။ ဆင်းရဲသားလူများစုကြီး၏ လူနေမှုအဆင့်ကို ကျန်းမာရေးစနစ်နှင့်အညီ မြှင့်တင်နိုင်ပါမှ ကပ်ရောဂါအမျိုးမျိုးဒဏ်မှ စိတ်ချရဖို့ရှိ၏။ ကာကွယ်ဆေးကောင်းများမှာလည်း ပြောင်း၍ပြောင်း၍နေသော ဗိုင်းရပ်စ်ပိုးနောက်က လိုက်နေရသဖြင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရလေသည်။

ကျန်းမာရေးအဆင့်ကို မြှင့်တင်ရန်မှာ အခြေခံအကျဆုံး လူမှုရေးပုံစံများကို မပြောင်းလဲသရွေ့ သမင်မွေးရင်း ကျားစားရင်းကဲ့သို့ဖြစ်နေမှာ အမှန်ပင်။ ဇီကုပ်၍ နတ်ပြည်တင်ရန်လည်း မဖြစ်နိုင်၊ တန်ခိုးရှင်တို့လည်း မ , မနိုင်၊ ပညာရှင်တို့လည်း မတတ်နိုင်။ မိမိကိုယ်တိုင် ပြုပြင်ပြောင်းလဲရန်အခါသာဖြစ်၍နေသည်။

ကိုယ်ခံကျန်းမာရေးကောင်းဖို့ ကြိုးစားတည်ဆောက်ထားသူများမှာ ဤကပ်ရောဂါဒဏ်ကို ကံကောင်းစွာ ကျော်လွှားနိုင်ခဲ့သည်။ ကျန်းမာရေးဌာနက ချမှတ်ထားသော စည်းကမ်းများကိုလည်း လိုက်နာ၊ ကာကွယ်ဆေးလည်း အကြိမ်ပြည့်ထိုးထားပြီးလျှင် ကိုယ်ခံကျန်းမာရေးကောင်းအောင် ကိုယ့်အားကိုယ်ကိုးရပေတော့မည်။ မိမိတို့ကိုယ်တိုင် လုပ်နိုင်သော အလုပ်အဖြစ် အကြံပြုတင်ပြခဲ့ပြီးဖြစ်သည်။

**လျှော့သုံးလျှော့**

၁။ ဆီလျှော့စားပါ။ အဝလွန်၊ အဆီဝိတ်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ကာကွယ်နိုင်၏။

၂။ အငန်လျှော့စားပါ။ သွေးတိုး၊ နှလုံး၊ လေဖြတ်ရောဂါများ ကာကွယ်နိုင်၏။

၃။ အချိုမှုန့်ကဲ့သို့ သဘာဝမဟုတ်သော အရာများကို လျှော့စားပါ။ သွေးတိုး နှလုံးရောဂါမှစ၍ ကင်ဆာရောဂါများအထိ ကာကွယ်နိုင်၏။

**ဖြတ်သုံးဖြတ်**

၄။ ဆေးရွက်ကြီးအခြေခံဆေးလိပ်၊ စီးကရက်၊ ကွမ်းယာဖြတ်ပါ။ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ သွေးကြောပိတ်ရောဂါနှင့် အခြားရောဂါ ပြဿနာများစွာ ကာကွယ်နိုင်၏။

၅။ အရက်ဖြတ်ပါ။ အသည်းရောဂါ၊ ကင်ဆာရောဂါမှစ၍ လူမှုရေးပြဿနာများစွာ ကာကွယ်နိုင်၏။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအရာများကို ဖြတ်ပါ။ စိတ်ရောဂါများ၊ လူမှုရေးပြဿနာများနှင့် ရာဇဝတ်မှုခင်းများစွာကို ကာကွယ်နိုင်၏။

**ဆောင်သုံးဆောင်**

၇။ မျှတသော အာဟာရကို သုံးဆောင်ပါ။ ကိုယ်ခံအားကောင်း၍ ကျန်းမာမည်။

၈။ နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစားမှု လုပ်ဆောင်ပါ။ ရုပ်ခန္ဓာသာမက စိတ်ဖိစီးမှုဝေဒနာများ လျော့ပါး၍ အလုပ်ကောင်းကောင်းလုပ်နိုင်ပါ၏။

၉။ သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များကို ဆောင်ရွက်ပါ။ စိတ်ကောင်းရှိလျှင် သတိရှိ၏။ အမှားကင်း၏ ကျန်းမာခြင်း ချမ်းသာခြင်းကိုဖြစ်စေ၏။

မြန်မာနိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်မှုကို အခြေခံ၍ အသက်ရှည်စွာ အနာမဲ့စွာ ချစ်ကြည်စည်းလုံးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်ကို ညီညွတ်စွာ ထူထောင်နိုင်မည်မလွဲပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ လုပ်ငန်းများစွာရှိသော်လည်း ဤအခြေခံအချက်လေး ကိုးချက်မှစ၍ သတိထားဦးစားပေးကာ ပြောင်းလဲကြည့်စေလိုပါသည်။

ဤအချက်ကိုးချက်ကို မပျက်မကွက်သွက်သွက်ကလေး ဆောင်ရွက်လျှင် ကျန်းမာမှုအဆင့်အတန်းမြင့်လာမည် အမှန်ပင်။ ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလေးတစ်ခုတော့ လိုပါသည်။

ကျန်းမာမှုကိုမြှင့်တင်ခြင်းသည် အနုပညာတစ်ရပ်ဖြစ်သည်။ လူမှုရေးယဉ်ကျေးမှု၊ ဓလေ့ထုံးစံကအစ သမိုင်းနောက်ခံအထိ နားလည်ရန်လိုအပ်သည်။ ဓာတ်ခွဲခန်းတွေ၊ ဆေးခန်းတွေထဲမှာ ရှာ၍မရနိုင်ပါ။

ဆရာကြီး ဂိုအင်ကာ၏ The Art of Living အမည်ရှိ စာအုပ်သည် ဘဝနေနည်းအနုပညာကို လမ်းညွှန်ထားသည်။ ထိုသို့ ဘဝနေနည်းအနုပညာထဲမှ ကျန်းမာမှုမြှင့်တင်ခြင်းမှာလည်း အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သဖြင့် "ကျန်းမာမှုအနုပညာ" ဟူ၍ အမည်တပ်ကာ တင်ပြလိုက်ရပါသည်။ The Art of Healthy Living ဆိုပါစို့။ ။

# ယဉ်ကျေးလိမ္မာအစပြု အစာစားခြင်းယဉ်ကျေးမှု(၁)

ဦးမင်းဟန်(ဘီအေ)

အငွေ့တထောင်းထောင်းနှင့် ထမနဲပန်းကန်က မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးကို ဆီးကြို နေသည်။ အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် ဘိုးလေးကြွက်က ရေနွေးကြမ်းတစ်အိုးနှင့် ရှိနေ၏။

“လာကြမြေးတို့ရေ ..၊ လာကြ။ ရာသီစာထမနဲ စားလိုက်ကြပါဦး”။

မောင်ထူးတို့သုံးဦး အနားရောက်လာလာချင်း ဘိုးလေးကြွက်က ပြောလိုက်သည်။ မောင်ထူးတို့ သုံးဦးလည်း အလိုက်သင့်ဝင်ထိုင်လိုက်ကြသည်။

“ထမနဲက မွှေးနေတာပဲ။ စားကောင်းမယ့်ပုံပဲ”။

“ဒီနေ့ ထမနဲထိုးပြီး လိုက်ဝေမယ်လို့တော့ သိထားတယ်။ ရွာဦးကျောင်းမှာ ထမနဲပွဲရှိတယ်လေ”။

“မနက်အစောကြီးကတည်းက ထမနဲထိုးကြတာ အရုဏ်ဆွမ်းအမီတဲ့။ ပထမဆုံးအိုးက ထမနဲကို ရွာဦးစေတီမှာရော၊ တန်ဆောင်းထဲက ဘုရားကြီးမှာရော၊ ရွာဦးကျောင်းဆရာတော်ထံကိုရော အရုဏ်ဆွမ်း ကပ်ကြမယ်လို့ သိထားတယ်” ။

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦး အပြန်အလှန် ပြောဆိုနေကြခြင်းဖြစ်သည်။ ဘိုးလေးကြွက်က ရေနွေးကြမ်းသောက်ရင်း နားစွင့်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောသည်။

“ဒီအစဉ်အလာကတော့ တို့ရွာမှာ မွန်မြတ်တဲ့ ဓလေ့တစ်ခုဖြစ်နေပြီကွယ့်။ ဟိုး .. ရှေးနှစ်ပေါင်း များစွာကတည်းက တပို့တွဲလပြည့်နေ့ နံနက်စောစောမှာ ထမနဲထိုးကြတာပဲ။ ဘိုးလေးတို့ ငယ်ငယ်တုန်းကလည်း လုပ်ခဲ့ကြတယ်။ မွန်မြတ်တဲ့ ရွာဓလေ့တစ်ခုကို လက်ဆင့်ကမ်းသယ်ဆောင် လာကြတဲ့သဘောပေါ့ကွယ်” ။

“ဟုတ်ကဲ့ ဘိုးလေး” ။

မောင်ထူးက ထမနဲစားနေရာက ပြောလိုက်ရာ ပါးစပ်ထဲတွင် ထမနဲများပြည့်နေသဖြင့် စကားသံက မပီမသဖြစ်နေရသည်။

“မောင်ထူးရေ .. ဒီနေ့တော့ ဘိုးလေး အဲဒီ အကြောင်းပြောချင်နေတာနဲ့ အတော်ပါပဲ။ အစာစားခြင်းယဉ်ကျေးမှုအကြောင်းပေါ့။ ခုမောင်ထူး ပြောလိုက်တဲ့စကားကို ဘိုးလေးကြားပါတယ်။ ဒါပေမဲ့ ပါးစပ်ထဲမှာ အစာတစ်ခုခုရှိနေဆဲ၊ ဝါးနေဆဲ၊ စားနေဆဲဆိုရင် စကားမပြောရဘူးကွယ့်။ ပြောတဲ့ အခါ စကားလည်း ပီပီသသမရှိနိုင်သလို စားနေတဲ့ အစားအစာကလည်း ထွက်ကျတတ်တယ်။ ပြီးတော့ သူများတွေဆီကိုလည်း အစာအချို့လွင့်စဉ်ပြီး ကျတတ်တယ်ကွယ့်” ။

“ဟုတ်ကဲ့ပါဘိုးလေး၊ မှတ်သားထားပါ့မယ်” ။

ပူစူးမက ဝင်ပြောလိုက်သည်။ ကိုဦးက ရေနွေး ကြမ်းတစ်ခွက်ကို တရှူးရှူးနှင့် သောက်လိုက်ခြင်း ဖြစ်ရာ ဘိုးလေးကြွက်က အသာကြည့်နေပြီးမှ ဆက်ပြောသည်။

“မြေးတို့အားလုံး မှတ်သားထားရမှာက ထမင်း စားရင်းပဲဖြစ်ဖြစ်၊ အစားအစာတစ်ခုခု စားသောက် ရင်းပဲဖြစ်ဖြစ်၊ ဟင်းချိုသောက်တဲ့အခါတို့ ရေနွေး ကြမ်းသောက်တဲ့အခါမျိုးတွေမှာ ရှူးရှူးသံမမြည် အောင် သောက်သုံးကြရမယ်။ လူကြီးသူမတွေ၊ သက်ကြီးဝါကြီးတွေ၊ မိဘဆရာသမားတွေနဲ့ အတူ တကွ စားသုံးကြတဲ့အခါ ပိုပြီးသတိထားရတယ်။ ကိုယ်တစ်ဦးတည်း စားသောက်ရင်လည်း သတိထား စားသောက်ရမှာပါပဲ၊ အလေ့အကျင့်ကောင်းဖြစ်နေ အောင်ပေါ့ကွယ်” ။

“ဟုတ်ကဲ့ ဘိုးလေး” ။

ထမနဲများကို စားသုံးရာတွင် မောင်ထူးက လက်ဖြင့်ဆုပ်နယ်၍စားခြင်းဖြစ်ရာ မောင်ထူး၏ လက်တွင် ထမနဲအကြွင်းအကျန်တို့ ကပ်ပေနေသည်။ မောင်ထူးက လက်မှာကပ်နေသည်များကို ခါချနေ လေသည်။

“မောင်ထူးရေ.. လက်မှာပေနေတဲ့ ထမနဲအကြွင်း အကျန်တွေကို ခါမချရဘူးကွယ့်။ ဟိုဘက် လက်ချောင်းလေးတွေနဲ့ အသာအယာပွတ်ချပစ် လိုက်လို့ရပါတယ်။ မြေးက အမှတ်တမဲ့အလွယ်တကူ ခါချနေတာတွေ့ရလို့ ပြောချင်တာနဲ့ကွက်တိ ဖြစ်တာပေါ့။ ထမင်းစားတဲ့အခါပဲဖြစ်ဖြစ်၊ အစားအစာ တစ်ခုခုစားတဲ့အခါပဲဖြစ်ဖြစ်၊ ဘာစားစားပေါ့ကွယ် လက်မှာကပ်နေတာမျိုးရှိရင် အလွယ်တကူခါချတဲ့ ပုံစံမျိုးကို ရှောင်ကြဉ်ရမယ်။ မလုပ်ရဘူးနော်။ လက်ဆေးချင်ရင် သွားဆေးလို့ရတာပဲ” ။

“ဟုတ်ကဲ့ပါဘိုးလေး။ မှတ်သားထားပါ့မယ်”။

ကိုဦးက ပြန်ပြောလိုက်ပြီး ထမနဲပန်းကန်ကို ပူစူးမဘက်သို့ တိုးပေးလိုက်သည်။

“မြေးတို့ ပန်းကန်ထဲကကုန်ရင် ဘိုးလေးရှေ့က ပန်းကန်ထဲမှာ ယူစားကြနော်။ တဝသာ စားကြပေါ့။ ရာသီစာဖြစ်လို့ ဘေးဥပဒ်မဖြစ်ပါဘူး” ။

ဘိုးလေးကြွက်က စကားအဆုံးမှာ ရေနွေးကြမ်း ပြည့်ပြည့်တစ်ခွက်ကို တစ်ကျိုက်တည်းမော့သောက် လိုက်သည်။

“ထမနဲကအတော်စားကောင်းတယ်ဘိုးလေးရဲ့”။

ပူစူးမက ထမနဲစားကောင်းကြောင်းပြောနေရင်း လက်မှာကပ်နေသည့် ထမင်းနဲအကြွင်းအကျန် အချို့ကို လျှာဖြင့်လျက်၍ ဖယ်ရှားမည်ပြုစဉ် ဘိုးလေးကြွက်က ချက်ချင်းဟန့်တားလိုက်သည်။

“ဟိုး- ဟိုး.. ပူစူးမရေ...” ။

ဘိုးလေးကြွက်က ပါးစပ်ကလည်းပြော ပူစူးမ၏ လက်ကိုလည်း ဆွဲယူလိုက်သည်။ ပူစူးမက ရုတ်တရက်လန့်သွားရသည်။ ဘိုးလေးကြွက်က ပူစူးမကိုကြည့်ကာ ဖြည်းဖြည်းချင်းဆက်ပြောသည်။


“ထမင်းစားတဲ့အခါပဲဖြစ်ဖြစ်၊ အစားအစာ တစ်ခုခု စားတဲ့အခါမှာပဲဖြစ်ဖြစ် လက်မှာကပ်နေတဲ့ စားကြွင်းစားကျန်အချို့ကို အမှတ်မထင် လျှာနဲ့ မလျက်ရဘူးကွယ့်။ သတိထားရမယ်။ ဒါကဖြစ်လေ့ ဖြစ်ထရှိတဲ့သဘောမျိုးတွေ တွေ့ရတယ်။ တချို့ဆိုရင် လူကြီးဖြစ်နေတာတောင် အဲဒီအကျင့်ကဖြစ်ဖြစ် နေတတ်သေးတာ။ သတိထားရင် ရပါတယ်။ မြေးတို့ အားလုံး သတိထားရမယ်နော်” ။

“ဟုတ်ကဲ့ပါဘိုးလေး။ မြေးတို့အားလုံး ကတိပေး ပါတယ်” ။

မောင်ထူးတို့သုံးဦး ပြိုင်တူပြောလိုက်ကြသည်။

“သာခုကွယ်- သာခု၊ သာခု” ။

# မိုက်သောသူအား မပေါင်းသင်းရာ




“မောင်ညိုကြီး”။

“ရှိပါတယ် ဘဘ၊ အမိန့်ရှိပါ”။

“မင်း လူမိုက်ဆိုတာ မြင်ဖူးလား”။

“မြင်ဖူးပါတယ် ဘဘ”

“ဘယ်သူလဲကွ.... ”

“ကျွန်တော့် ဦးလေးပါ”

“ဟေ ... မင်းဟာက ဟုတ်ကော ဟုတ်ရဲ့လား”

“ဟုတ်ပါတယ် ... ဘဘ ဦးလေးမူးလာရင် အဒေါ်ကို ဆဲဆို ကြိမ်းမောင်းပြီး ရိုက်လားရိုက်ရဲ့၊ ပန်းကန်အိုးခွက်တွေကို ရိုက်ခွဲလား ရိုက်ခွဲရဲ့နဲ့ အားကြီးစိတ်ညစ်စရာကောင်းတယ်။

“သူ့သားတွေဆို သူမတွေ့အောင် ပုန်းအောင်းနေကြရတာ။ အဲဒါ လူမိုက်မဟုတ်ဘူးလားဘဘ”။

“မဟုတ်ပါဘူး ... ညိုကြီးရာ။ မင်း ... ဦးလေးကမူးလို့ပါ။ မတွေ့ ဘူးလား။ အလှူတို့ဘာတို့ဆို သူကချည်းခေါင်းဆောင်တာလေ”

“အဲ ... အဲ ... တော်သေးရဲ့။ နို့ ... မဟုတ်ရင် ငါ့တပည့်ညိုကြီး ဦးလေးမောင်နက်ကျော် လူမိုက်စာရင်းဝင်သွားမှာ။ နို့ ... မောင်အောင်ဘု ကော မြင်ဖူးလား”

“မြင်ဖူးတာပေါ့။ တစ်ခါက ရွာအနောက်ခြမ်းက ကိုမင်းအောင်ကြီး လာတာတွေ့တော့ အမေကပြောတယ်။ အဲဒီကောင် ထောင်ကထွက်လာ ပြီတဲ့။ ဘာတွေဆက်မိုက်ဦးမလဲ မသိဘူးတဲ့”။

“ထောင်က ထွက်လာတာ လူမိုက်မဟုတ်လား ... ဘဘ”။

“ဟဲ့ ... ဒီကောင် အောင်ဘု ထောင်ကထွက်လာတိုင်း လူမိုက်လို့ မှတ်ရမှာလား။ အကြောင်းကိစ္စအမျိုးမျိုးနဲ့ ထောင်တန်းကျရတဲ့ဟာ”။

“အေး ... မခင်စိန် ဝင်ဟန့်မှ ဟိုကောင်မင်းအောင် သက်သာ သွားတာ။ မခင်စိန်ကော လူမိုက်တွေ့ဖူးလား”။

“တွေ့ဖူးတယ် ... ဘဘ၊ အခုတော့ မရှိတော့ပါဘူး။ သေသွားရှာပြီ။ ဒီလူကြီးက ကိုအောင်မောင်းတဲ့။ လူတစ်ယောက်ရဲ့အသက်ဆိုရင် ပုရွက်ဆိတ်အသက်လောက်မှတ်တာ။ နောက်ပြီး ထောင်ဆိုတာလည်း သူ့အဖို့ အိမ်ဦးနဲ့ကြမ်းပြင်ပဲ”။

“အဲဒါ အဘိုးကပြောတယ်။ ဒီကောင်က လူမိုက်သက်သက်လုပ်စား တာတဲ့။ ပိုက်ဆံသာပေးခိုင်း ဘာမဆိုလုပ်တဲ့အကောင်တဲ့။ အဲဒါလူမိုက် နော် ... ဘဘ”။

“အေး ... အေး ... ဟုတ်တယ်။ နို့ သေတော့ကော”။

“သေတော့ သူ့တပည့်ကဆိုလား စကားများရန်ဖြစ်ပြီး သတ်လို့ သေတာတဲ့”။

“အေးကွ။ လူမိုက်ဆိုတာကလည်း သူ့မှာဆိုင်းဘုတ်တင်ထားတာမှ မဟုတ်တာ။ ဘယ်လို ရုတ်တရက်ခွဲခြားလို့ရမလဲ။ အဲ ... တစ်ခုတော့ ရှိတယ်။ လူမိုက်ဆိုတာကို ခွဲခြားသိဖို့ ပေတံတော့ရှိတယ်”။

“အဲဒီပေတံက မကောင်းတာကြံ၊ မကောင်းတာချည်းပြော၊ မကောင်းချည်းလုပ်နေရင် ဒါဟာ လူမိုက်လက္ခဏာပဲ”။

“ဒီထက်ရှင်းရှင်းလေး မှတ်ထားချင်ရင် သူ့အကျိုးစီးပွားရော၊ သူများအကျိုးစီးပွားရေးကိုရော ဖျက်ဆီးပစ်တဲ့သူဟာ လူမိုက်ပဲပေါ့”

“အချုပ်ကတော့ကွာ။ ပတ်ဝန်းကျင်ကို ဒုက္ခဆင်းရဲဖြစ်အောင် လုပ်တာဟာ လူမိုက်ပဲပေါ့”။

“အောင်ဘု ပြောစမ်း။ လူမိုက်ဆိုတာကို ပေါင်းရမှာလား။ မပေါင်းရ ဘူးလား။ မင်းကျောင်းမှာ ၃၈ ဖြာမင်္ဂလာ သင်ဖူးတယ်မဟုတ်လား” ။

“သင်ဖူးပါတယ် ဘဘ။ လူမိုက်ကို မပေါင်းရပါဘူး”။

“အဲလို မပေါင်းရတဲ့ ပါဠိကောရသလား”။

“ဟုတ်ကဲ့ ...”။

“အသေဝနာစ ဗာလာနံ” ပါတဲ့။ “လူမိုက်ကို မပေါင်းရဘူးတဲ့”။

“ဟုတ်ပြီ၊ ဆရာ ဒဂုံဦးထွန်းမြင့်ရေးတဲ့ လင်္ကာကောရလားမယဉ်မေ”။

“ရပါတယ် ... ဘဘ”။

“လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ”တဲ့ပါ။

“ဟုတ်ပ့ါ။ အခုနပြောတဲ့ လူမိုက်အမှတ်အသားအတိုင်း ကိုယ်ကိုယ် တိုင်က မကောင်းတာကြံ၊ မကောင်းတာပြော၊ မကောင်းတာတွေ လုပ်နေရင်ကော ကိုယ့်ဟာကိုယ်ဘယ်လိုသတ်မှတ်မလဲ”။

“လူမိုက်လို့ သတ်မှတ်ရပ့ါမယ် ... ဘဘ”။

“တကယ်လို့ မောင်အောင်ဘုက လူမိုက်ဖြစ်နေရင်ကော၊ မောင်အောင်ဘု ဘယ်လိုလုပ်မလဲ။ ပေါင်းမှာလား။ မပေါင်းရ ဘူးလား”။

“အဲ ... ကျွန်တော် ... ကျွန်တော်မပေါင်းရဘူးဆိုတော့ ...”။

“လွယ်ပါတယ် အောင်ဘုရာ မင်းကိုယ်တိုင်ကလူမိုက်ဖြစ်နေပြီ ဥစ္စာ မမိုက်တဲ့လူတွေက မင်းကိုမပေါင်းဘဲ အလိုလိုရှောင်ကြ မှာပေ့ါ”။

“ဒါဆို ငါကဘယ်သူနဲ့ ပေါင်းရမှာလဲ”။

“ဒါလည်း အလွယ်ပဲဟယ်၊ နင်တို့ လူမိုက်ချင်းပေါင်းပေ့ါ”။

“အဲ.. မင်းတို့ အဇာတသတ်မင်းအကြောင်းကို ကြားဖူးတယ်နော် ... မောင်ညိုကြီး”။

“ကြားဖူးပါတယ် .. ဘဘ။ သူ့အဖေကိုသတ်တဲ့ မင်းပါ”။

“ဟုတ်တယ်၊ အဖေကိုသတ်တော့ ပိတုဃာတက ကံကြီးထိုက် သွားတယ်။ အဖေသတ်တဲ့ကံကြီးပေ့ါ။ ဒီကံကြီးကြောင့် သောတာပန် အရိယာဖြစ်မယ့်ကံကောင်း သူ့မှာပျောက်သွားရရှာတယ်။ ဒါထားတော့”

“အဲဒီလို အဖေသတ်မိတာဟာ ဘယ်သူနဲ့ပေါင်းမိလို့လဲ။ ဆက်ပြော ပါဦး ... မောင်ညိုကြီး”

“ဆရာ ဒေဝဒတ်နဲ့ ပေါင်းမိလို့ပါ”

“ဟုတ်ပ့ါ ... ဒေဝဒတ်ဆိုတာ လူမိုက်စစ်စစ်ပဲ။ အမြဲပဲ မကောင်းတာတွေကြံ၊ မကောင်းတာပဲပြော၊ သူလုပ်သမျှကတော့ မကောင်းတာတွေချည်းပဲ။ ဒါကြောင့်လည်း နောက်ဆုံးတော့ မြေမျိုခံရပြီး အခုအဝီစိငရဲကြီးမှာ ကျနေတယ်လေ”။

“အဇာတသတ်မင်းကျတော့ကော ဘဘ ...”။

“မခင်စိန်ရေ ... အဇာတသတ်မင်းကတော့ အခုဆိုရင် လောဟ ကုမ္ဘီငရဲမှာရှိနေပါတယ်။ ဒါဟာ ဒီမင်းအဖို့ လူမိုက်နဲ့ပေါင်းလို့ ဆင်းရဲ ဒုက္ခတွေ သံသရာတစ်လျှောက်မယ် ခံစားနေရတာပဲမဟုတ်လား”။

“ဟုတ်ကဲ့ပါ ဘဘ...”။

“ဒါဆို ကိုယ်နဲ့ပေါင်းတဲ့ ကိုယ့်သူငယ်ချင်းတွေထဲမှာ သတိနဲ့ ကြည့်ပေါင်းရမှာ။ သူတို့ အပြောအဆို အလုပ်အကိုင်တွေဟာ ကောင်းတာဟုတ်၊ မဟုတ်။ သူတို့နဲ့ပေါင်းလို့ ကိုယ့်မှာ ဆင်းရဲဒုက္ခ တွေ့နိုင်မတွေ့နိုင်၊ တွေ့နိုင်မယ်ဆိုရင် စိတ်ပေါင်းကိုယ်ခွာနဲ့ပေါင်းပေ့ါ”။

“ဟုတ်ကဲ့ပါ ဘဘ”

**အမှတ် (၁၁)၊ ဒီဇင်ဘာလ၊ ၂၀၀၉ ခုနှစ်**

■

# အာရုံအလုပ် စိတ်အလုပ်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

**(ယခင်အပတ်မှအဆက်)**

"အရှင်ဘုရား၊ တစ်ခုလျှောက်ပါရစေဘုရား၊ ဟို ဆရာလုပ်တယ်၊ စကားကတ်တယ်လို့ မထင်ပါနဲ့ဘုရား၊ ဟို တပည့်တော်ကြားဖူးတာက နွားငယ်တစ်ကောင် ဆော့လွန်းပြေးလွန်းတော့ ကြိုးနဲ့ချည်ပြီး တိုင်ငုတ်တစ်ခုမှာ ချည်ထား၊ ကြာလာတော့ ဒီနွားက ပြေးကြည့် ရုန်းကြည့် နောက်မောလာလိမ့်မယ်၊ အဲဒီတော့မှ နွားလေးဟာ တိုင်ငုတ်ဘေးနားမှာ လှည့်ရင်းပတ်ရင်းနဲ့ ခွေလှဲပြီးငြိမ်သွားတယ်ဆိုတာ ရှိတယ်မဟုတ်လားဘုရား"။

"ဟာ ရှိပါတယ်၊ ရှိပါတယ်"။

"အဲဒါပေါ့ဘုရား၊ တပည့်တော်တို့ရဲ့စိတ် နွားလေးက ဟိုပြေးဒီပြေး၊ ပြေးလွန်းအားကြီးတော့ တစ်နေရာတည်းမှာငြိမ်အောင် ကမ္မဋ္ဌာန်းအာရုံဆိုတဲ့တိုင်ငုတ်မှာ သတိဆိုတဲ့ကြိုးနဲ့ ချည်ရမယ်ဆိုတာလေ"။

"ဟုတ်တယ်လေ ဒကာကြီး၊ အဲဒီလိုပဲ ချည်ရတာပေါ့"။

"အဲဒီလိုဆိုရင် တပည့်တော်တို့က နွားလေးကို ကြိုးနဲ့ထိန်းသလို စိတ်ကိုလည်း သတိနဲ့ထိန်းမှာပေါ့ဘုရား၊ ဒါကြောင့် အလုပ်ဆိုတာ စိတ်ကိုထိန်းတဲ့အလုပ်လို့ပြောတာပေါ့"။

"ကဲ ဟုတ်ပြီ၊ ဒကာကြီးမောသွားရင် ခဏနား ဦးပဥ္စင်းပြောကြည့်ဦးမယ်"။

"မှန်လှပါဘုရား"။

"အဲဒီဥပမာစကားဟာ စာထဲမှာရှိပါတယ်၊ အဲဒီဥပမာဟာ သမထကမ္မဋ္ဌာန်းအားထုတ်သူတွေအတွက်၊ ကမ္မဋ္ဌာန်းအာရုံဆိုတာကလည်း သမထအာရုံ၊ စိတ်ကလည်းသမထစိတ်၊ ဒီသမထစိတ်ဆိုတာ သူ့ရဲ့မူလကမ္မဋ္ဌာန်း သမထအာရုံဆီမှာပဲ ဂရုစိုက်ပြီးနေရပါတယ်၊ တခြားအာရုံပေါ်ရင် မူလကမ္မဋ္ဌာန်း သမထအာရုံဆိုတာမရှိတော့လို့ သမထစိတ်လည်း မရှိနိုင်တော့ဘူး"။

"ဩော် မှန်ပါဘုရား"။

"အင်း ခဏနေပါဦး၊ အဲဒီသမထစိတ်ကို သတိနဲ့ထိန်းပြီး ကိုယ်နဲ့သင့်တော်တဲ့ မူလကမ္မဋ္ဌာန်း သမထအာရုံကို ပုံဖော်ထားတဲ့အတိုင်း ဆက်ပြီးပုံဖော်နေရတာပါ"။

"အဲဒီအာရုံသာမရှိရင် သည့်ပြင်အာရုံတစ်ခုပေါ်လာဝင်လာရင် သမထအလုပ်ပျက်တယ်လို့ခေါ်ပါတယ်၊ အဲဒါကြောင့် သမထအလုပ်မပျက်အောင် ဒီအာရုံ ဒီပုံစံကိုပဲ သမထသတိနဲ့ အမှတ်တရ ထပ်ကာထပ်ကာပုံဖော်ပြီးနေရပါတယ်၊ သတိကြိုးပြတ်ရင် သတိမရှိတော့ရင် ဒီစိတ်က တခြားအာရုံကို ကြည့်တဲ့အတွက် သမထစိတ်မဟုတ်တော့ဘဲ ပြေးလွှားဆော့ကစားတယ်လို့ခေါ်ပါတယ်"။

"တပည့်တော်လည်း အဲဒီလိုအသေးစိတ်တွေ သိချင်ပါတယ်ဘုရား"။

အင်း ဟုတ်ပြီ၊ ဒါက သမထ၊ ဝိပဿနာဆိုတာကတော့ သတိဉာဏ်ယှဉ်တွဲနေတဲ့စိတ်၊ ဉာဏ်ဦးဆောင်တဲ့စိတ်၊ ဝိပဿနာရဲ့ ကမ္မဋ္ဌာန်းအာရုံက ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာ၊ ဒီဓာတ်၊ ဒီသဘောတရားအရှိအမှန်တွေပါပဲ၊ ကိုယ်ကပုံဖော်ရယူတဲ့ အာရုံမျိုးမဟုတ်ပါဘူး"။

"တကယ့် အရှိအမှန်အာရုံဖြစ်မှ ဝိပဿနာစိတ်ဖြစ်နိုင်ပါတယ်၊ ပုံဖော်ထားတဲ့အာရုံဆိုရင် မဖြစ်တော့ပါဘူး"။

"ဝိပဿနာစိတ်ရဲ့အာရုံဟာ ဟောတစ်ခု၊ ဟောတစ်ခုဆိုသလို အမြဲတမ်း တစ်မျိုးမဟုတ် တစ်မျိုးဖြစ်ပေါ်နေကြပါတယ်၊ ဒီအာရုံတစ်ခုဖြစ်ပြီးလို့ ပျောက်သွားရင် နောက်အာရုံနဲ့ဆုံသိ၊ ပျောက်သွား၊ နောက်အာရုံနဲ့ဆုံ၊ သေချာသိ။ ပျောက်သွား၊ အဲဒီလို အာရုံတွေ သူ့သဘောအတိုင်းသူဖြစ်နေတာကို သိရတဲ့စိတ်ပါ၊ သတိဉာဏ်ရှိနေမှ သိပါတယ်"။

"ဝိပဿနာစိတ်ဆိုတာ ဘယ်အာရုံပေါ်ပေါ်ဖြစ်ပါတယ်၊ ဒီအာရုံမရှိလို့ နောက်အာရုံပေါ်ရင် ကမ္မဋ္ဌာန်းပျက်သွားတတ်တာက သမထကမ္မဋ္ဌာန်းလုပ်ပါ။ ဝိပဿနာက အချိန်မရွေးရှုနိုင်၊ ပွားနိုင်၊ သိနိုင်ပါတယ်"။

"ဩော် ဟုတ်သလားဘုရား၊ တပည့်တော်တို့က အဲဒီလိုမသိပါဘူးဘုရား၊ ဆက်မိန့်ပါဦးဘုရား"။

"ကဲ ဆက်မိန့်ဆိုရင်လည်း ဒကာကြီးပြောတဲ့ နွားကြိုးချည် ငုတ်စိုက်ဥပမာက သမထအတွက် အဓိကပါ။ ဝိပဿနာအတွက်ဆိုရင် သတိရှိရှိ အေးအေးဆေးဆေးနေ၊ ဒါမှဝိပဿနာဉာဏ်ပေါ်လာနိုင်တယ်"။

"ဩော် သိပြီ၊ သိပြီဘုရား၊ အရှင်ဘုရားပြောတဲ့ ထိန်းလည်းမထိန်းနဲ့ လွှတ်လည်းမထားနဲ့၊ အေးအေးဆေးဆေးနေလို့ပြောတာက သတိရှိအောင်ပြောတာကိုး ဘုရား၊ စောစောကတည်းက တဲ့တိုးပြောလိုက်ပါတော့ဘုရား"။

"ဒကာကြီးတို့က ဝါရင့်တော့ တဲ့တိုးပြောရမယ့်သူတွေ မဟုတ်ဘူးထင်လို့ပေါ့"။

"အမယ်လေး အထင်မကြီးပါနဲ့ဘုရား၊ ရက်တွေ၊ လတွေ၊ နှစ်တွေသာကြာလာတာ နဂိုအတိုင်းပဲ ရှိပါသေးတယ်ဘုရား၊ ယောဂီအသစ်တွေလို့ပဲ သဘောထားပြီး ပြောပေးပါဘုရား"။

"ကဲ ယောဂီအသစ်လို့ဆိုရင် ဉာဏ်ပေါ်အောင်၊ ဉာဏ်ဝင်လာအောင် သတိရှိရတယ်၊ အဲဒါဝိပဿနာအလုပ်ပဲ"။

"မှန်ပါ့ဘုရား"။

"သတိရှိရှိနေတတ်ရင် စိတ်အေးချမ်းတယ်။ စိတ်အေးချမ်းရင် သတိရှိရှိနေတယ်၊ အဲဒီလိုမှ သတိရှိရှိ မနေတတ်သေးရင် သတိထားပြီးနေပေါ့"။

"ဘာကိုသတိထားရမှာလဲဘုရား"။

"ဒကာကြီးရဲ့ သိသာတဲ့၊ ထင်ရှားပေါ်လာတဲ့ အာရုံမှာထား၊ ဘယ်နေရာလို့ မပြောလိုပါဘူး၊ သတိရှိအောင် သတိထားပေါ့"။

"ဩော် သိပြီသိပြီ နှာခေါင်းတို့၊ ဝမ်းဗိုက်တို့ ရင်ဘတ်တို့ တစ်ကိုယ်လုံးတို့ဆိုတာကဒါတွေကို တွေ့ဖို့သိဖို့ထက် သတိထားတတ်ဖို့၊ သတိရှိလာဖို့၊ ဒီသတိသတ္တိလေးဖြစ်လာဖို့ ဆရာတော်တွေက ခိုင်းကြတာကိုး"။

"အင်းပေါ့၊ ဒကာကြီးက သဘောပေါက်လွယ်သားပဲ"။

"မသိပါဘူးဘုရား၊ တပည့်တော်တို့က နှာခေါင်းတွေ့မှ၊ ဗိုက်တွေ့မှ၊ ရင်ဘတ်တွေ့မှ၊ လှုပ်တာ၊ ထိတာ၊ ပိန်တာ၊ ဖောင်းတာ၊ ပူတာ၊ အေးတာတွေ့မှ တရားလို့ထင်နေတာ၊ အခုမှသဘောပေါက်တော့တယ်ဘုရား၊ ဟုတ်ပြီဟုတ်ပြီ၊ သတိရှိဖို့ သတိထားခိုင်းတာကိုဘုရား၊ သတိဖြစ်ဖို့ပဲပေါ့။ ဟုတ်တယ်နော်ဘုရား"။

"သတိဖြစ်ဖို့ သတိရှိဖို့လုပ်ရတယ်ဆိုတာ စိတ်အလုပ်ပါ၊ အာရုံအလုပ်မဟုတ်ပါဘူး၊ ဘာဝနာအလုပ်ပေါ့၊ ဒါပေမဲ့ ထားတဲ့သတိနဲ့ ရှိတဲ့သတိက မတူဘူး"။

"အမိန့်ရှိပါဦးဘုရား"။

"ထားတဲ့သတိက အာရုံတစ်ခုခုကို ထားရတယ်။ ရှိတဲ့သတိက စိတ်မှာပဲ အမြဲယှဉ်တွဲပြီးနေတယ်"။

"မှန်ပါဘုရား၊ အသေးစိတ်ထပ်ပြောပါဦးဘုရား"။

"ဒီလိုစကားမျိုး၊ ဒီလိုတရားမျိုးဟာ အပြောနဲ့တင် မပြီးဘူးဒကာကြီး၊ တကယ်နေကြည့်၊ အားထုတ်ကြည့်မှ သိလာမှ ရှင်းရှင်းလင်းလင်းနားလည်နိုင်တယ်၊ အပြောသက်သက်ကြားရရုံနဲ့မယုံတတ်သလို၊ ယုံရင်လည်း ပုဂ္ဂိုလ်ကိုယုံတာပဲဖြစ်မယ်၊ တရားသဘောကိုယုံတာ မဟုတ်ဘူး၊ အကျိုးမကြီးပါဘူး"။

"ဟုတ်ပါတယ်ဘုရား"။

"ကဲ ဟုတ်တယ်ဆိုရင် ဒကာကြီး ကိုယ်တိုင်သတိလည်းထားကြည့်၊ သတိလည်းရှိကြည့် ဟုတ်ပြီလား။ ဦးပဥ္စင်းမှာ တခြားအလုပ်ရှိသေးတယ်သွားတော့"။

"အမယ်လေးဘုရား၊ တကယ့် အခန်းရောက်မှ ဒုက္ခပါပဲ၊ ဒီလိုဆိုရင်လည်း ထားတဲ့သတိနဲ့ ရှိတဲ့သတိကို သေချာသိအောင် ကြိုးစားလိုက်ပါဦးမယ်ဘုရား"။

"သာဓု ၊ သာဓု၊ သာဓု"။ ။



ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိစာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာ မင်္ဂလာ

ဒဂုန်မောင်(ရန်ကုန်တက္ကသိုလ်)

**သင်ကြားရေးမင်္ဂလာ**

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေးတတ်ပါစေ၊
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

ဒီကဗျာက ၃၈ – ဖြာမင်္ဂလာကဗျာများထဲက တတိယမြောက်ကဗျာပေါ့ကွယ်။ "သင်ကြားရေးမင်္ဂလာ" ကဗျာလို့ခေါ်တယ်။

သင်ကြားရေးမင်္ဂလာလေးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့ လူ့ဘဝဖြတ်သန်းမှုကာလတစ်လျှောက်မှာ လိုက်နာရမယ့် ကျင့်ဝတ်တွေ၊ သင်ကြားရမယ့်အတတ်ပညာတွေ၊ ယဉ်ကျေးမှုအတတ်ပညာတွေကို သိမြင်တတ်မြောက်စေရေးအတွက် အသိ၊ သတိပေးထားတဲ့နည်းနာတွေပါပဲ။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ဘဝ အတတ်ပညာနည်းနာတွေကို သင်ကြားတတ်မြောက်ကာ သိမြင်နိုင်ကြစေရန် သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် မှတ်လို့လွယ်အောင် ရွတ်ဆိုရတာ လွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်း ဖြစ်တယ်။

၃၈–ဖြာ မင်္ဂလာကဗျာဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာသုံးပါး၊ နေထိုင်ရေးမင်္ဂလာသုံးပါး၊ သင်ကြားရေးမင်္ဂလာလေးပါး၊ ပြုစုရေးမင်္ဂလာသုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး၊ စိတ်ထားရေးမင်္ဂလာငါးပါး၊ သည်းခံရေးမင်္ဂလာလေးပါး၊ မြိုးမြဲရေးမင်္ဂလာလေးပါး၊ စိတ်ခေတ်ကြွခိုင်ရေးမင်္ဂလာ လေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ မြိုးမြဲရေး၊ စိတ်ခေတ်ကြွခိုင်ရေးဆိုတဲ့ လူ့ဘဝရှင်သန်ရေးမှာ အရေးပါတဲ့အချက်ကြီး (၁၀) ချက်ပဲပေါ့ကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေါ့။

ဆက်ဆံရေးမင်္ဂလာသုံးပါးဖြစ်တဲ့ "နံပါတ်(၁) အသေဝနာစ ဗာလာနံ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ် (၂) ပဏ္ဍိတာနဉ္စသေဝနာ ပညာရှိကို ပေါင်းသင်းရမယ်။ နံပါတ် (၃) ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတာနဲ့ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ် (၁) ပတိရူပဒေသဝါသောစ သင့်တင်လျောက်ပတ် ကောင်းမြတ်သော အရပ်၌နေရခြင်း၊ နံပါတ် (၂) ပုဗ္ဗေစ ကတပုညတာ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း။ နံပါတ် (၃) အတ္တသမ္မာပဏိဓိစ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းခြင်းဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပြီ။

**"သင်ကြားရေးမင်္ဂလာလေးပါး"**

(၁) ဗာဟုသစ္စဉ္စ၊
(၂) သိပ္ပဉ္စ၊
(၃) ဝိနယောစ သုသိက္ခိတော၊
(၄) သုဘာသိတာစ ယာဝါစာ၊

မြန်မာလိုအဓိပ္ပာယ်တွေကတော့ နံပါတ် (၁) ဗာဟုသစ္စဉ္စ၊ အကြားအမြင်ဗဟုသုတများခြင်း။ နံပါတ်(၂) သိပ္ပဉ္စအပြစ်ကင်းသောစက်မှုလက်မှုပညာတတ်ခြင်း၊ နံပါတ် (၃) ဝိနယောစ သုသိက္ခိတော ကျင့်ဝတ်ဝိနည်းများကို သင်ယူလိုက်နာခြင်းနှင့် နံပါတ် (၄) သုဘာသိတာစ ယာဝါစာ ချစ်ဖွယ်ချိုအေးမှန်ကန်ယဉ်ကျေးသောစကားကို ပြောဆိုခြင်းတို့ပေါ့ကွယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ သင်ကြားရေးမင်္ဂလာလေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

အကြားအမြင်များတဲ့သူဖြစ်ရမယ်။ လက်မှုစက်မှုအတတ်တို့ကို တတ်မြောက်ရမယ်။

ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ ချိုသာသောစကားကို ယဉ်ကျေးသိမ်မွေ့စွာပြောဆိုရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ်မျိုးဆက်သစ် သားတို့သမီးတို့၊ မောင်တို့မယ်တို့ အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် သင်ကြားရေးနည်းနာတွေပေါ့ကွယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄၆၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈ ဒသမ ဝ၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၇၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၆၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၄၄,၄၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၅၀,၈၂၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၀၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၈,၈၈၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၄)ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center)များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၈၉) ခု | (၁၈၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၂၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၈) ခု | (၃၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၀) ခု | (၁၅၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၂၄) ခု | (၂၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၄၅) ခု | (၄၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၉၁၃) ခု | (၁,၃၉၈) ဦး |
| စုစုပေါင်း | (၃၀,၇၇၀) ခု | (၂,၄၆၇) ဦး |

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation) နှင့် မိဘပြည်သူများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ် မေးမြန်းတိုင်ပင်နိုင်မည့် (Teleconsultation Program) အတွက် အထူးကုဆရာဝန်နှင့် ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါပညာရှင်အဖွဲ့များ၏ ဖော်ပြပါဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တောင်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅ ၃၆၀၆
၀၉ ၈၈ ၂၅၅ ၃၆၀၅

**မြောက်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈၂၅၅၄၀ ၀၈
၀၉ ၈၈၂၅၅၄၀ ၀၉

**အနောက်ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈၂၅၅၄၀ ၁၀
၀၉ ၈၈၂၅၅၄၀ ၁၁

**အရှေ့ပိုင်းခရိုင် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈၂၅၅၄၀ ၀၅
၀၉ ၈၈၂၅၅၄၀ ၀၆

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၅၂၀၆၆၅ | ၅၀၂၀၈၄၁၇ | ၉၄၆၁၈၀ |
| ၂။ | အိန္ဒိယ | ၄၂၆၉၂၉၄၃ | ၄၁၇၆၀၄၅၈ | ၅၀၉၃၈၈ |
| ၃။ | ဘရာဇီး | ၂၇၅၄၁၁၃၁ | ၂၃၉၆၉၅၇၇ | ၆၃၈၉၁၃ |
| ၄။ | ပြင်သစ် | ၂၁၇၃၅၃၀၂ | ၁၇၁၆၇၃၅၉ | ၁၃၅၁၈၉ |
| ၅။ | ဗြိတိန် | ၁၈၃၄၈၀၂၉ | ၁၆၁၄၂၅၂၉ | ၁၅၉၆၀၅ |
| ၆။ | ရုရှား | ၁၄၄၈၀၅၉၆ | ၁၁၄၇၀၉၂၅ | ၃၄၁၆၃၅ |
| ၇။ | တူရကီ | ၁၂၉၈၄၉၅၃ | ၁၂၀၆၀၃၀၆ | ၉၀၈၀၈ |
| ၈။ | ဂျာမနီ | ၁၂၅၇၄၇၈၇ | ၈၉၈၉၁၀၀ | ၁၂၀၇၉၂ |
| ၉။ | အီတလီ | ၁၂၁၃၄၄၅၁ | ၁၀၃၉၂၅၄၀ | ၁၅၁၂၉၆ |
| ၁၀။ | စပိန် | ၁၀၆၇၂၉၀၆ | ၇၈၃၃၉၃၂ | ၉၆၅၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၉၀၁၃၂၈ | ၄၃၄၉၈၄၈ | ၁၄၅၄၅၅ |
| ၂။ | ဖိလစ်ပိုင် | ၃၆၄၁၉၄၀ | ၃၅၁၄၄၈၉ | ၅၅၁၄၆ |
| ၃။ | မလေးရှား | ၃၀၆၁၅၅၀ | ၂၈၆၀၉၅၄ | ၃၂၁၄၉ |
| ၄။ | ထိုင်း | ၂၆၂၂၆၀၀ | ၂၄၆၇၃၈၃ | ၂၂၄၉၂ |
| ၅။ | ဗီယက်နမ် | ၂၅၇၂၀၈၇ | ၂၂၄၂၂၇၃ | ၃၉၁၂၂ |
| ၆။ | မြန်မာ | ၅၅၀၈၂၄ | ၅၁၈၈၈၄ | ၁၉၃၁၄ |
| ၇။ | စင်ကာပူ | ၄၇၈၅၇၇ | ၄၄၀၃၈၃ | ၉၀၆ |
| ၈။ | လာအို | ၁၃၉၆၈၃ | ၁၃၅၅၃၇ | ၆၀၁ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၄၁၃၉ | ၁၁၉၁၉၆ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၂၄၆၅၉ | ၁၇၅၄၆ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

"ကိုအောင်ခန့်ဟာ တခြားသူတွေအတွက် ဘယ်လိုပဲဆိုးဆိုး မေမေ့အတွက်တော့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ခဲ့ပါတယ်။ အိမ်ထောင်သက်တစ်လျှောက်လုံးမှာ မေမေတစ်ယောက်တည်းအတွက် သူဟာ လူကောင်းပါပဲ။ ယောကျ်ားပီသတယ်၊ ဥစ္စာစီးပွားကို တိုးအောင်လုပ်ခဲ့တယ်။ မကြောင့်မကြ၊ မတောင့်မတဖြစ်အောင် သူ့ရဲ့ကိုယ်စွမ်းနဲ့ ဉာဏ်စွမ်းရှိသလောက် စွမ်းဆောင်ခဲ့တယ်။ မေမေသာ တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခဲ့မယ်ဆိုရင် အဲဒီယောကျ်ားဟာ မေမေ့စိတ်ကို သူ့လောက် ချမ်းသာအောင် စွမ်းဆောင်နိုင်မယ်မထင်ဘူးသမီး"

ခင်ခင်ကြီးသည် သည်စကားများကိုမူ နားစိုက်ထောင်မိလေသည်။ မေမေ့အနေနှင့် ဖေဖေနှင့်ပတ်သက်ကာ ယင်းစကားမျိုးကို ယခုတစ်ကြိမ်တွင်သာ ပြောခဲ့ဖူးသည်။ ဤသည်ပင် ဖေဖေနှင့်ပတ်သက်သော မေမေ၏ခံစားချက်ဖြစ်ပုံရသည်။ ဖေဖေနှင့်ပတ်သက်သော မေမေ၏သဘောထားမှာ သည်သို့ပါကလားဟု နားလည်ရသည်။

"အေးလေ၊ သူ့ရဲ့ကံတရားလို့သာ သဘောထားရတော့မှာပဲ။ သူ့အတွက် ကံတရားက ဖေးမပါစေလို့သာ ဆုတောင်းပေးရမှာပဲ"

ဒေါ်မြလေးသည် သက်ပြင်းရှိုက်ခြင်းနှင့်အတူ ပြောလိုက်ကာ အိမ်အောက်ထပ်သို့ ဆင်းသွားသည်။

ခင်ခင်ကြီးသည် ပြတင်းမှတစ်ဆင့် လမ်းဆီသို့ငေးရင်း ကျန်ရစ်ရသည်။

ဖေဖေတစ်ယောက် ဂျပန်တို့လက်ထဲတွင် အဘယ်သို့ရှိရှာပါလိမ့်။

ခင်ခင်ကြီး၏ရင်ထဲတွင် ယင်းအတွေးက ဂယက်ထန်နေလေသည်။

ဂျပန် ကင်ပေတိုင်တို့၏လက်မှ ဦးအောင်ခန့်၏အခြေအနေမှာ အစပိုင်းရက်များက များစွာဆိုးရွားလှသည် မဟုတ်ပေ။

အဖမ်းခံခဲ့ရပြီးနောက် ဦးအောင်ခန့်ကို အခြားသော အဖမ်းခံများနှင့်အတူ ရောနှော၍ထားသည်မဟုတ်။ တသီးတသန့် ခွဲ၍ထားသည်။ အနေကျဉ်းကျပ်ခြင်း၊ အစားဆင်းရဲခြင်းများကိုသာ ထိုရက်များတွင် ခံစားရသည်။ အဖမ်းခံရက် သုံးရက်မြောက်သောနေ့တွင် ဦးအောင်ခန့်၏ အကျဉ်းခန်းသို့ လူတစ်ယောက်ရောက်လာသည်။ ထိုသူကား ဦးကောင်းမိုးတည်း။

ဦးကောင်းမိုးကို မြင်လိုက်ရပြီဆိုကတည်းက မိမိ၏အခြေအနေ ဆိုးရွားလာတော့မည်ဆိုခြင်းကို ဦးအောင်ခန့် သဘောပေါက်သည်။ နားလည်သည်။ ဦးကောင်းမိုးသည် မိမိ၏အဖြစ်ကိုကြည့်ကာ အားရကျေနပ်သော အသွင်သဏ္ဌာန် ပေါ်ပေါက်လျက်ရှိကြောင်း ဦးအောင်ခန့် တွေ့ရသည်။ ဦးကောင်းမိုးသည် ဂျပန်အရာရှိများနှင့် တပူးတွဲတွဲ ဆက်ဆံသည်။ ဂျပန်များအပေါ် အလွန်တရာ လိုက်လိုက်လျောလျော ရိုရိုကျိုးကျိုး ပေါင်းသင်းနေကြောင်း မြင်ရသည်။

ဂျပန်များက ဦးကောင်းမိုးအား ဦးအောင်ခန့်နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ပုံရသည်။

ထိုနေ့က ဂျပန်အရာရှိများ အချုပ်ခန်းမှ ထွက်ခွာသွားပြီး ဦးကောင်းမိုးသည် အချုပ်ခန်းသို့ ဂျပန်စစ်သားတစ်ယောက်နှင့်အတူ ရောက်လာသည်။

ဦးအောင်ခန့်သည် ဦးကောင်းမိုး၏ မျက်နှာကိုမကြည့်။ နှုတ်မဆက်။ မသိကျိုးကျွန်ပြုနေခဲ့သည်။ ဦးကောင်းမိုးရှေ့မှာလာရပ်သည့်တိုင် မျက်နှာကို တစ်ဖက်သို့ လွှဲနေလိုက်သည်။

"ဘယ့်နှယ်လဲ ကိုအောင်ခန့်။ တွေ့ကြရပြန်ပြီပေါ့ ဟုတ်လား"

ဦးကောင်းမိုး၏မျက်နှာမှာ မခန့်လေးစား။ မထီတရီအမူအရာမျိုး ဖြစ်နေသည်။ လှောင်ပြောင်သရော်သလို ပြောသည်။

"ကျုပ်တို့ချင်း တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကွေ့မဟုတ်တစ်ကွေ့ ဒီလိုတွေ့ကြလိမ့်မယ်လို့ ကျုပ်အထင်သား။ အင်း ... တွေ့မယ့်တွေ့တော့လည်း ခင်ဗျားရဲ့ အခြေအနေက ဆိုးလှချည်ကလား ကိုအောင်ခန့်ရယ်"

သည်တွင် ဦးအောင်ခန့်သည် ဦးကောင်းမိုးဘက်သို့ လှည့်ကြည့်သည်။ သူ၏မျက်နှာထားမှာ တင်းမာနေသည်။

"ဒီမယ်ကိုကောင်းမိုး၊ ကျုပ်ကိုလာပြီး အပိုတွေပြောမနေစမ်းပါနဲ့။ ကျုပ်ဟာကျုပ် ဘာပဲဖြစ်နေနေ ခင်ဗျာ့အပူ တစ်ပြားသားမှ မပါဘူးမှတ်ပါ။ ကျုပ်ထိုက်နဲ့ ကျုပ်ကံဖြစ်တာပဲ"

ဦးအောင်ခန့်၏စကားကို ဦးကောင်းမိုး ရယ်ပစ်လိုက်သည်။

"ခင်ဗျား ဒီလိုထင်တယ်လား။ ခင်ဗျား ထိုက်နဲ့ ခင်ဗျားရဲ့ကံလို့ ထင်နေတာ အမှားပဲဗျို့။ တကယ်တော့ ခင်ဗျားရဲ့ ကံကြမ္မာဟာ ကျုပ်လက်ထဲမှာဗျ သိလား။ အခုအချိန်မှာ ကျုပ်ဟာ ခင်ဗျားရဲ့ အရှင်သခင်ပဲ။ ကျုပ်က သေဆိုရင် ခင်ဗျားဟာ သေလူပဲ။ ကျုပ်က ရှင်ဆိုရင် ခင်ဗျားဟာ ရှင်လူပဲ။ နားလည်ရဲ့လား"

"ကျုပ် ဘာမှနားမလည်ဘူး။ ကျုပ်ဟာ ဘာအပြစ်မှမရှိဘဲနဲ့ ဘယ်သူမှ ကျုပ်ကို အပြစ်မရစေနိုင်ဘူး"

သည်စကားကိုလည်း ဦးကောင်းမိုး ရယ်သွမ်းသွေးလိုက်ပြန်သည်။ သူ့ ဦးအောင်ခန့်အား သနားစရာကောင်းသော လူတစ်ယောက်အနေနှင့် ကြည့်သည်။

"ဩော် ကိုအောင်ခန့်၊ ကိုအောင်ခန့်။ ခင်ဗျား အတော် ခေတ်နောက်ကျတဲ့ လူတစ်ယောက် ဖြစ်နေသေးတာကိုး။ ဒီမယ် ကိုအောင်ခန့်ရဲ့၊ ငပုတွေဟာ ဥပဒေတွေ ဘာတွေကို ဂရုစိုက်တာမဟုတ်ဘူး။ သူတို့မှာ ဘာဥပဒေမှလည်း မရှိဘူး။ သူတို့ မသင်္ကာတဲ့လူဟာ မသက်သာဘူးသာမှတ်။ အပြစ်ရှိမရှိဆိုတာကလည်း ကျုပ်တို့ရဲ့ ပါးစပ်ထဲမှာ ရှိနေ တာမျိုးကလားဗျ"

ဦးအောင်ခန့်သည် ဦးကောင်းမိုးအား ရွံရှာစက်ဆုပ်သောအမူအရာဖြင့် စိုက်ကြည့်သည်။

"ခင်ဗျားကို ကျုပ် အံ့သြတယ် ကိုကောင်းမိုး"

"ဘာဗျ"

"ဟုတ်တယ်။ ခင်ဗျားကို ကျုပ် အံ့သြတယ်။ သနားလည်း သနားမိတယ်။ ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် တွင်းရိုးတစ်ယောက်ဆိုတာ မေ့ထားသလားဟင်"

"ဘာဆိုင်လို့လဲဗျ"

"တွင်းရိုးတစ်ယောက်ဟာ ဒီအလုပ်မျိုး လုပ်စားနေတယ်ဆိုတာ လူကြားလို့မှ မကောင်းပါဘူး ကိုကောင်းမိုး။ ခင်ဗျာ့ကိုယ်စား ကျုပ်ရှက်လိုက်တာဗျာ"

သည်စကားကို ကြားရလေလျှင် ဦးကောင်းမိုး၏မျက်နှာမှာ ရဲလာသည်။ ဒေါသထွက်လာသည့်အသွင် တရှုံ့ရှုံ့တရွဲရွဲဖြစ်လာသည်။

ဦးအောင်ခန့် စကားဆက်သည်။

"ခင်ဗျား စဉ်းစားကြည့်စမ်း ကိုကောင်းမိုး။ ကျုပ်တို့ တွင်းရိုးတွင်းစားတွေဟာ ခေတ်အဆက်ဆက်ကတည်းက ရိုးရိုးသားသား နေခဲ့ကြတယ်။ သမာဓိတည်တယ်။ သိက္ခာရှိတယ်။ ကုသိုလ်ကောင်းမှုကိုခုံမင်တယ်။ ဒီလိုဂုဏ်တွေနဲ့ ခေတ်အဆက်ဆက် လူလုပ်လာခဲ့ကြတယ်။ ဒီအထဲမှာ ခင်ဗျားဟာ စုန်းပြူးပြီးထွက်လာတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့အဖြစ်မျိုး မဖန်တီးချင်စမ်းပါနဲ့ ကိုကောင်းမိုးရယ်။ နောက်တစ်ခုက ကျုပ်တို့ရဲ့ အသက်တွေဟာ ထောက်လာကြပြီပဲ။ အခုလို ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ ဒုက္ခ၊ သုက္ခ အမျိုးမျိုးနဲ့ ကြုံလာရတယ်။ ဘဝအတွေ့အကြုံအမျိုးမျိုးကို ရလာတယ်။ ရှင်းရှင်းပြောရရင်တော့ ကျုပ်မှာ ခင်ဗျားနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ တခြားသူနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ဘယ်လိုအာဃာတမှ မရှိတော့ဘူး ကိုကောင်းမိုး၊ ကျုပ်အပေါ် တစ်ပါးသူက မကောင်းကြံခဲ့တဲ့အတွက်လည်း ကျုပ်အငြိုးအတေး မထားလိုတော့ဘူး။ ကျုပ်အနေနဲ့လည်း ဘယ်သူ့အပေါ်ကိုမှ မကောင်းမကြံတော့ဘူးလို့ ပြောချင်တယ်။ ဒါဟာ ကျုပ်ရဲ့ဆန္ဒနဲ့ စေတနာအမှန်ပဲ ကိုကောင်းမိုး"

ဦးကောင်းမိုးသည် ပို၍ဒေါသတကြီး ရှိလာသည်။ ဦးအောင်ခန့်၏စကားများကို မနည်းချည်း သည်းခံနားထောင်နေရဟန်ရှိသည်။

"တောင်ပံနီပါးစပ်က နတ်စကားထွက်နေပါကလား။ မိကျောင်းမင်းကို ရေခင်းပြစရာမလိုပါဘူး ကိုအောင်ခန့်ရဲ့။ တွက်ကြည့်စမ်းပါ။ ကောင်းမိုးဆိုတာက အစဉ်အဆက် တွင်းရိုးအနွယ်ပါ။ အောင်ခန့်ဆိုတာက မနေ့တစ်နေ့ကမှ တွင်းစားဖြစ်လာတာပါ"

"ဒါကြောင့် ခင်ဗျားအတွက် ကျုပ်ရှက်နေရတာပေါ့ဗျာ"

"တော်ဗျာ၊ တော်။ ဒါ ကျုပ်ကို ခင်ဗျား စော်ကားနေတာပဲ။ ဒီစကားအတွက် ကျုပ်ကို မှားပါပြီလို့ ဒူးထောက်မတောင်းပန်မချင်း မကျေဘူးသာမှတ်။ ကျုပ်ဟာ ဘာကောင်၊ ခင်ဗျားကို ဘယ်လိုဒုက္ခပေးနိုင်တယ်ဆိုတာ သိရအောင် မြည်းစမ်းကြည့်ဦးပေါ့ဗျာ"

သို့ဖြင့် ဦးကောင်းမိုး အချုပ်ခန်းမှ ပြန်သွားခဲ့ပြီး သည်၏ နောက်ပိုင်းတွင် သူပြောခဲ့သလို ကင်ပေတိုင်တို့၏ လက်ရာကို ဦးအောင်ခန့် မြည်းစမ်းရသည်။

ထိုနေ့ညနေပိုင်းက ဂျပန်စစ်သားများ ဦးအောင်ခန့်ကို လာထုတ်သွားသည်။ အင်္ဂလိပ်သူလျှိုလုပ်ပါသည်ဟု ဝန်အခံခိုင်းသည်။ ဦးအောင်ခန့် ဝန်မခံ။ ရိုက်နှက်ကြသည်။ ထိုးကြိတ်ကြသည်။ ကန်ကျောက်ကြသည်။ သို့နှယ်ဖြင့် မိမိအခန်းသို့ ပြန်လည်ရောက်ရှိလာချိန်တွင် ဦးအောင်ခန့်မှာ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေလေသည်။

နောက်တစ်နေ့တွင် သူတို့တစ်ကြိမ်လာခေါ်ကြပြန်သည်။ သည်တစ်ခါတွင်မူ ဝှက်ထားသောလက်နက်များကို ထုတ်ပေးရန် တောင်းဆိုသည်။ ဦးအောင်ခန့်က မရှိကြောင်းပြောသည်။ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းကြပြန်သည်။ ဦးအောင်ခန့်မှာ ယဲ့ယဲ့မျှသာ ကျန်ရှိတော့သည့်အနေအထားဖြင့် အခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။




**"ခင်ဗျား စဉ်းစားကြည့်စမ်း ကိုကောင်းမိုး။ ကျုပ်တို့ တွင်းရိုးတွင်းစားတွေဟာ ခေတ်အဆက်ဆက်ကတည်းက ရိုးရိုးသားသားနေခဲ့ကြတယ်။ သမာဓိတည်တယ်။ သိက္ခာရှိတယ်။ ကုသိုလ်ကောင်းမှုကို ခုံမင်တယ်။ ဒီလိုဂုဏ်တွေနဲ့ ခေတ်အဆက်ဆက် လူလုပ်လာခဲ့ကြတယ်။ ဒီအထဲမှာ ခင်ဗျားဟာ စုန်းပြူးပြီးထွက်လာတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့အဖြစ်မျိုး မဖန်တီးချင်စမ်းပါနဲ့ ကိုကောင်းမိုးရယ်။ နောက်တစ်ခုက ကျုပ်တို့ရဲ့အသက်တွေဟာ ထောက်လာကြပြီပဲ။ အခုလို ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ ဒုက္ခ၊ သုက္ခ အမျိုးမျိုးနဲ့ ကြုံလာရတယ်။ ဘဝအတွေ့အကြုံအမျိုးမျိုးကို ရလာတယ်။"**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်က ပေါ်ဆန်းမွှေးနှင့် ညှော်မထစပါးများ ဝယ်ယူ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် တောင်သူများအား သင့်တင့်မျှတသော စပါးဈေးနှုန်းများရရှိစေရန်နှင့် သမဝါယမလုပ်ငန်းများ ပိုမိုတိုးတက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဆန်စပါးဝယ်ယူရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပေါ်ဆန်းမွှေးစပါးတင်းပေါင်း ၅၃၉၉ တင်းနှင့် ညှော်မထစပါးတင်းပေါင်း ၂၈၅၅ တင်း စုစုပေါင်းစပါးတင်း ၈၂၅၄ တင်းကို ဝယ်ယူခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆန်စပါးများကို အသင်းသားပြည်သူများနှင့် ဒေသအတွင်းရှိ စားသုံးသူပြည်သူများထံသို့ ဒေသပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Cefixowise Oral Suspension ၅၀၉၆ ခု၊ Clivamed Oral Suspension ၄၉၀၀၊ Uxim Tablet ၆၀၆၂ ခု၊ Molnupiravir Capsule ၇၄၈၈ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၃ မျိုး စုစုပေါင်း ၅၁၈၈၄ ဒသမ ၈၉ ကီလိုဂရမ်၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Flow Meter အခု ၁၀၀၊ Oxygen Mask အခု ၂၀၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


# သင့်သွေးဖြင့် အသက်ကယ်ပါ

**ပျောက်ဆုံးကြောင်း**

ကျွန်မ မနီနီမြင့် [၁၃/ဖခန(နိုင်)၀၅၁၂၈]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၀၄၆၃၂၈**

**လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ စံပယ်ခြံ(၂)လမ်း၊ အမှတ်(၅၉)ရှိ (၃)ခန်းတွဲ (၆)ထပ်တိုက်၏ (၄-လွှာ/တတိယထပ် B)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်အရပ်ရပ် အကျိုးခံစားခွင့်တို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းကို MYANMAR TOP POWER CONSTRUCTION & DECORATION (LC-34 & 292)က တာဝန်ယူ တည်ဆောက်ပြီး၊ တရားဝင်ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးငွေးဝင်း[၁၂/သဃက(နိုင်)၁၄၅၆၃၄] ထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်ဝယ်ယူရန် သဘောတူကြပြီးဖြစ်သည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့် တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)**
**B.A(Law),LL.B,D.B.L,D.M.L**

**ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)**
**LL.B,D.B.L,D.M.L,D.I.L**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၂)(ပထပ်)၊ (၃၅)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


# ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် မြန်မာအသင်း အာဆီယံ ယူ-၂၃ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် ကိုဗစ်-၁၉ အခြေအနေကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ယနေ့တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းနေ့ နံနက်ပိုင်းတွင် PCR နှင့် RDT တို့ဖြင့် စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကစားသမားအချို့ Positive အဖြေထွက်ပေါ်ခဲ့ပြီး ကျန်ရှိသည့် ကစားသမားများမှာလည်း ဖျားခြင်း၊ လည်ချောင်းနာ ခြင်း၊ ဝမ်းပျက်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း စသည့် ရောဂါလက္ခဏာများ ခံစားနေရကာ ကြံ့ခိုင်မှုပြည့်ဝသည့် ကစားသမားအနည်းငယ်သာ ရှိခဲ့သည်။

မြန်မာအသင်းအနေဖြင့် ပွဲကစားပါက ကစားသမားများ Positive ဖြစ်နေလျှင်မှ ပြိုင်ဘက်မလေးရှားအသင်း ကစားသမားများ၊ နည်းပြ/အုပ်ချုပ်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများကို ဆက်လက်ကူးစက်သွားနိုင်ခြင်း၊ ပြိုင်ပွဲတစ်ရပ်လုံးကို ထိခိုက်သွားစေနိုင်ခြင်း၊ ကစားသမားများ၏ ကျန်းမာရေးအခြေအနေများ ပိုမိုဆိုးရွားသွားစေနိုင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများကြောင့် မြန်မာအသင်းသည် လက်ရှိကျင်းပနေသည့် အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲမှ မလွှဲမရှောင်သာ၍ နုတ်ထွက်ခဲ့ရပြီး အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကလည်း ယင်းကဲ့သို့ နုတ်ထွက်မှုကို နားလည်လက်ခံအတည်ပြုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည်



၂၀၂၂ အာဆီယံ ယူ-၂၃ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၆ ဦးဖြင့် သွားရောက်ခြင်းဖြစ်သည်။

လက်ရှိကျင်းပနေသည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် နုတ်ထွက်ခဲ့ပြီး မြန်မာအသင်းမှာလည်း ပွဲကစားရမည့်နေ့တွင် ထပ်မံနုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ ယင်းနှစ်သင်းစလုံးသည် အုပ်စု (ခ) တွင် ကျရောက်နေသည့်အသင်းဖြစ်ပြီး ယခုကဲ့သို့ နုတ်ထွက်မှုကြောင့် မလေးရှားနှင့် လာအိုအသင်းတို့သာ ယင်းအုပ်စုတွင် ကျန်ရှိတော့သည်။ အခြားအုပ်စုများဖြစ်သည့် အုပ်စု (က) တွင် အိမ်ရှင်ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## အနုပညာ



# အမေရိကန်နယ်လှည့်ဖျော်ဖြေပွဲအတွင်း ပရိုမိုးရှင်းလုပ်ငန်းအားလုံး TWICE ဖျက်သိမ်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ အမေရိကန်မှာ နယ်လှည့်တေးဂီတဖျော်ဖြေပွဲပြုလုပ်စဉ်အတွင်း လုပ်ဆောင်ဖို့ရာ စီစဉ်ထားတဲ့ ပရိုမိုးရှင်းလုပ်ငန်းအားလုံး ဖျက်သိမ်းကြောင်း လတ်တလောမှာ ကြေညာခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေတွေကြောင့် အမေရိကန် နယ်လှည့်ဖျော်ဖြေပွဲမှ ပရိုမိုးရှင်းလုပ်ငန်းတွေဖျက်သိမ်းကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဖေဖော်ဝါရီ ၁၅ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုဖျက်သိမ်းလိုက်တဲ့ အစီအစဉ်တွေထဲမှာ ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်မယ့် အစီအစဉ်တွေလည်း ပါဝင်နေပါတယ်။

TWICE ရဲ့ စတုတ္ထမြောက် ကမ္ဘာလှည့်ဖျော်ဖြေပွဲအစီအစဉ်အနက် မြောက်အမေရိက ဖျော်ဖြေပွဲတွေကို ဖေဖော်ဝါရီ ၁၅ ရက်မှာ လော့စ်အိန်ဂျလိစ်ကနေ စတင်မှာဖြစ်ပါတယ်။ အဲဒီနောက် အခြားသောမြို့ကြီးတွေမှာ ဖျော်ဖြေမှာဖြစ်ပြီး လာမယ့်ဧပြီလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

# ဘန်အက်ဖ်လက်ခ်ထံမှ ချစ်သူများနေ့အမှတ်တရလက်ဆောင်အဖြစ် တေးဗီဒီယိုတစ်ခု လက်ခံရရှိခဲ့တဲ့ ဂျနီဖာလိုပက်ဇ်

ချစ်သူတွေအဖြစ် တစ်ကျော့ပြန်လက်တွဲခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ မင်းသား ဘန်အက်ဖ်လက်ခ်နဲ့ တေးသံရှင် ဂျနီဖာလိုပက်ဇ်တို့ဟာ လက်ရှိမှာ သာယာတဲ့ဆက်ဆံရေးတစ်ခုကို ထူထောင်ထားနိုင်တာ ဖြစ်ပါတယ်။ လတ်တလော ကျရောက်ခဲ့တဲ့ ချစ်သူများနေ့မှာတော့ မင်းသား ဘန်အက်ဖ်လက်ခ်က သူတို့နှစ်ဦးရဲ့ အမှတ်တရပုံရိပ်တွေ ထည့်သွင်းဖန်တီးထားတဲ့ တေးဗီဒီယိုတစ်ခုကို ချစ်သူများနေ့ အစောပိုင်းမှာပင် ဂျနီဖာလိုပက်ဇ်ထံ အရောက်ပို့ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းမှာ ဘန်အက်ဖ်လက်ခ်က ဂျနီဖာလိုပက်ဇ်ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On My Way ကို သူ့စိတ်ကြိုက် တေးဗီဒီယိုတစ်ခုအဖြစ် ဖန်တီးကာ ဂျနီဖာလိုပက်ဇ်အတွက် ချစ်သူများနေ့ လက်ဆောင်အဖြစ် ပေးပို့ခဲ့ပါတယ်။ အဆိုပါ တေးဗီဒီယိုမှာ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ပထမအကြိမ် လက်တွဲခဲ့စဉ်က အမှတ်တရပုံရိပ်တွေ ထည့်သွင်းဖန်တီးထားတာပါ။ သူတို့နှစ်ဦးဟာ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီးနောက် လမ်းခွဲခဲ့ကြတာပါ။ ၂၀၂၁ ခုနှစ်အတွင်းမှာမှ ချစ်သူတွေအဖြစ် နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ကြတာလည်း ဖြစ်ပါတယ်။



ဘန်အက်ဖ်လက်ခ်ဆီက ရရှိခဲ့တဲ့ လက်ဆောင်နဲ့ပတ်သက်ပြီး ဂျနီဖာလိုပက်ဇ်က ဒါဟာ သူတို့ရဲ့ စစ်မှန်တဲ့အချစ်ခရီးကို ဖော်ပြမှုတစ်ခုဖြစ်ပြီး မျှော်လင့်မထားတဲ့ အလှည့်အပြောင်းတွေ ရှိခဲ့ပေမယ့် တကယ့်အစစ်အမှန်တရားတွေဟာ ထာဝရရှိနေမှာဖြစ်ကြောင်းနဲ့ အဆိုပါလက်ဆောင်ဟာ သူ့ရဲ့ နှလုံးသားကိုပင် အရည်ပျော်စေနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် စုစည်းသည်**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊ မြေကွက်အမှတ်(၁/စ^(က-y))၊ (အလျား ၄၀ ပေxအနံ ၁၁၀ ပေ/၁၀၈ ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၁၀၅၃)ဟုခေါ်တွင်သော မြေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူများဖြစ်သော ဦးမြင့်သန်း[၁၂/မဂဒ(နိုင်)၀၈၄၃၈၁]၊ ဗိုလ်မှူးကြည်ကြည်ဝင်း(ငြိမ်း) [၁၂/မဂဒ(နိုင်)၀၁၈၀၆၅] အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်အေးအေးမွန် [၈/ခမန(နိုင်)၀၄၆၀၆၄]၊ (၂) ဒေါ်အေးအေးလှိုင် [၈/ခမန(နိုင်)၀၄၆၃၉၆]နှင့် (၃) ဦးမောင်မောင်ထွေး [၈/ခမန(နိုင်)၀၀၀၈၁၄]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## မြေညီထပ်တိုက်ခန်း ရောင်းမည်

ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း၊ (၁၂ ½ x ၅၀)ပေ ထပ်ခိုးပါ၊ အိပ်ခန်း(၃)ခန်းပါ၊ ကိုယ်ပိုင်ရေမီးအစုံ၊ တစ်အိမ်လုံး နံရံကြွေပြားကပ်၊ အဲယားကွန်းပါ၊ ကြိုးဖုန်းပါသည်။ လူနေထိုင်ရန် အသင့်နေနိုင်သည်။ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ (ပွဲစားမလို)

ဈေးနှုန်း သိန်း(၁၄၀၀) အလျှော့အတင်းရှိ

**ဆက်သွယ်ရန်ဖုန်းနံပါတ်**
**09-5099809, 09- 673438316**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အ.ထ.က(မဲဇလီကုန်း)၊ ဒသမတန်း(D)တွင် ပညာသင်ကြားနေသော မောင်ဝဠာကျော်၏ ဖခင်အမည်မှန်မှာ ဦးကိုလင်း [၇/ရတန(နိုင်) ၀၇၅၄၄၀]ဖြစ်ပါကြောင်း။

**ဦးကိုလင်း**

## "အမှားပြင်"

၆-၂-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၃၁ ပါ **"အများသိစေရန်"** အထက်တန်းရှေ့နေ ဦးရန်နိုင်ဦး၏ ကြော်ငြာပါ 9D/6351 အစား 9D/6345 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ-၃၃၁၀၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၁၄၄)၊ (၁၂-၁-၂၀၂၂)ရက်စွဲဖြင့် ဒေါ်မိမိမော်မှ ကျွန်တော် ဦးစိုးလွင်သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၁၆-၂-၂၀၂၂)ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးစိုးလွင်[၁၀/သဖရ(နိုင်)၀၆၂၁၃၃]**
**Ph:09-5058381**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အမှတ်(၉) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၄)ထပ် အာရ်စီတိုက်၏ (၁၁ ပေ ၅ လက်မx ၅၀ ပေ) အကျယ်အဝန်းရှိ မြေညီထပ်၊ ထပ်ခိုးပါ(ခြေရင်း)ခြမ်း တိုက်ခန်းနှင့်တကွ ယင်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်း [၁၄/ကလန(နိုင်) ၀၇၇၄၄၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်မမှ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးစိုး[၁၂/လမန(နိုင်)၁၃၃၂၅၀]**
**အမှတ်(၁၃)၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၆၃၉၉၀**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မြေတိုင်ကျေးရွာနေ ဦးဆန်းဦး၏ သမီး မသဲစုခိုင် [၁၂/တကန(နိုင်) ၁၉၄၀၆၄]၏ မွေးသက္ကရာဇ်မှာ ကျောင်းဝင်စာရင်းအရ (၃၀-၈-၂၀၀၀) ရက်နေ့ အမှန်ဖြစ်ကြောင်း။

## ထက်ကောင်းကင်

ဒဂုံမြို့သစ်
ဆိပ်ကမ်း၊ တောင်ပိုင်း
အရှေ့ပိုင်း၊ မြောက်ပိုင်း
မြေကွက်များ ဝယ်ယူလိုပါသည်။
ပွဲခ(လုံး၀)ပေးရန်မလိုပါ။
အိမ်တိုင်ယာရောက် ဝယ်ယူလိုပါသည်။
09-5505854

## အများသိစေရန်ကြေညာခြင်း

"ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်(၉) အခန်း(၈)၊ ဒုတိယထပ်(ကွန်ဒို)တိုက်ခန်းအား ဒေါ်အေးအေးမော် [၁၀/မလမ(နိုင်) ၀၂၈၉၃၅]မှ တရားဝင်ပိုင်ဆိုင်သည်ဟုဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာမိုး [၁၂/ဆကခ(နိုင်) ၀၁၅၄၇၄]က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဒေါ်သန္တာမိုး** | **ဒေါ်အေးအေးအောင်(LL.B, LL.M)** |
| **ဖုန်း-၀၉- ၉၆၇၁၆၁၄၅၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၄)** |
| | **ဖုန်း-၀၉- ၉၇၄၅၈၉၇၇၆** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရောမင်းလမ်း၊ မြေကွက်အမှတ်(၅၅၄)၊ ဦးထွန်းဝင်း အမည်ပေါက် (အလျား ပေ ၄၀x အနံ ပေ ၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော (အလျား ပေ ၂၀ x အနံ ပေ ၆၀) (ခေါင်းရင်းခြမ်း) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်နိုင်ဝင်း[၁၂/ဒဂတ(နိုင်)၁၄၁၅၂၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.GP)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၈၆၉)**
**အမှတ်(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၈၉၁၄၉၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်၊ ကြို့ကုန်းအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၂)၏ အမည်ပေါက် ဦးခင်မောင်ကြီး[၁၂/ဗတထ(နိုင်)၀၁၆၄၀၅]ထံမှ ဦးထက်ခေါင်စိုး [၁၂/အစန(နိုင်)၁၈၂၈၁၃]က ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုစာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်နှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းရှိ အင်ကြင်းဆောင်အခန်းအမှတ်(၅)၊ အကျယ်အဝန်း(၁၀x၁၅)ပေ ဒေါ်စန်းစန်းဝင်း အမည်ပေါက်ပိုင်ဆိုင်ခန်းအား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းဝင်း၏ သားသမီးများဖြစ်သော ဦးချစ်ကိုကိုနှင့် ဒေါ်စိုးစိုးလွင်တို့ထံမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်ဇင်မာဦး(LL.B)** | **ဒေါ်ဖြိုးနန္ဒာဦး(LL.B)** | **ဒေါ်လင်းလင်းသူ(LL.B)** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၈၁၈)** | **(စဉ်-၅၂၉၅၁/၂၀၂၀)** | **(စဉ်-၅၄၀၈၂/၂၀၂၀)** |

**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၁၄၀၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဋ္ဌ)၊ မြေကွက်အမှတ်(၁၀၈၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၈၁/ခ)၊ ဣန္ဒာ (၈)လမ်း၊ (ဋ္ဌ)ရပ်ကွက်၊ ဦးခင်မောင်[၁၂/ဥကမ(နိုင်)၁၂၃၆၅၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်သူ ဦးခင်မောင်အား တရားပြိုင်ထားကာ ဒေါက်တာမျိုးမင်းဦးမှ တရားလိုပြုလုပ်စွဲဆိုသည့် မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၈/၂၁)၏ အမိန့်နှင့် ဒီကရီ၊ ဇာရီမှုအမှတ်(၇/၂၁)၊ အမိန့်ဘီလစ်ခန့်စာနှင့် အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ အမည်ပေါက် ဦးခင်မောင် (တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်) ၀၀၄၉၃၄]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅-ရွှေပေါက်ကံ)၊ လူနေရပ်ကွက်အမှတ်(၁၅)၊ နဝရတ်လမ်း၊ မြေကွက်အမှတ်(၈၃၇)၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (အလျား ပေ ၂၀xအနံ ပေ ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်သက်သက်မွန် [၇/ပတန(နိုင်)၀၁၆၈၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၉၉၀/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန်မူရင်းမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်-ဦးသန်းစိန်ထံမှ အဆက်စပ်စာချုပ်များအရ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းရွှေ [၁၂/မရက(နိုင်)၁၂၆၅၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဖြိုးလှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၂၉၉)**
**အမှတ်(၅၆၀)၊ ရွှေစင်(၈)လမ်း၊ (၄၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၉-ရပ်ကွက်၊ ငုဝါမြိုင်(၁)လမ်း၊ အမှတ်-၃၉၀/A ၊ ပေ(၂၂x၆၀) အကျယ်အဝန်းရှိသည့် ဒေါ်နော်ဂရေ့(စ်) အမည်ပေါက် ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခေါင်းရင်းခြမ်း နေအိမ်အဆောက်အဦ(၁)လုံးနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိသူ ဦးဖြိုးကိုကိုရင် [၉/မနမ(နိုင်)၀၀၄၉၃၀]က ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကြည်ရွှေ [၁၂/အလန(နိုင်)၀၀၉၄၄၉]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းစန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၈/၁၄-၃-၂၀၁၇)**
**အမှတ်-၉၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph:-09-43163668, 09-421101084**

## မွေးစားသားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်ကျော်စန်ဝင်း(အဖ)ဦးနေလင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/တမန(နိုင်)၁၂၄၀၆၀]သည် မွေးစားဖခင်အား စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် (၁၅-၂-၂၀၂၂)ရက်မှစ၍ မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးခင်မောင်ဦး[၁၂/ကတတ(နိုင်)၀၂၄၉၉၃]**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၆၄၇)၊ ဦးချစ်ဆွေ(EN-149197) အမည်ပေါက် ပါမစ်မြေ အကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း၊ အကျယ် ပေ(၂၀x၆၀) မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၀/ခ)၊ မြသီရိ(၁)လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်(၁)လုံး၊ အဝီစိရေ၊ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစောလှဦး ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမြင့် [၁၂/တမန(နိုင်)၀၁၁၇၁၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။

(၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**LL.B,D.I.R,D.I.L,D.M.L,DL-101(WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L)(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**အမှတ်(၆၅၃)၊ ဓာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၉၇၇၉၃၂၊ Email:htarnwekhin92@gmail.com**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၄)လမ်း(မြေညီထပ်)၊ အမှတ်(၅၆)၊ အလျား(၁၂ပေခွဲ)xအနံပေ(၄၈)ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ဇော် [၁၂/စခန(နိုင်)၀၁၆၇၅၄] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်သက်မေ[၁၂/လမန(နိုင်)၀၈၂၇၂၀]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်ထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရည်ငွေး LL.B,D.B.L.,D.A(Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၉၄/၂၀၁၃)**
**ဖုန်း-၀၉-၄၂၀၃၉၅၅၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က၊ မြေကွက်အမှတ်(၅၄၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၄၉/ခ)၊ နွယ်သာကီ(၄)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်ယဉ်ယဉ်မြ [၁၂/ဥကမ(နိုင်)၁၂၇၉၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်အမည်ပေါက်သူ (မိခင်) ဒေါ်ယဉ်ယဉ်မြသည် (၂၂-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်) ဦးမောင်ကြီးသည် (၂၅-၂-၂၀၁၄)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးသက်နောင်ထွန်း [၁၂/ဥကမ(နိုင်)၁၄၉၀၆၇]မှ အမွေဆက်ခံပိုင်ခွင့်ရှိသည့် တစ်ဦးတည်းသော သားတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်- ၁၁/၄၈/၂၀၂၁၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ မြေစာရင်းမှတ်ချက်ရှိ (၂၀၂၀)ခုနှစ်တွင် G.P ဒေါ်အေးသီတာဟိန်းမြင့်မှ အရောင်းမြေပုံကူးလျှောက်ထားခဲ့ခြင်းအပေါ် မြေပုံမူရင်း ပျောက်ဆုံးသွားခဲ့ကြောင်း ကျမ်းကျိန်လွှာတုံးတင်ပြ၍ ဦးသက်နောင်ထွန်းမှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-(၈၉၆/က)၊ မြေကွက်တည်နေရာ အမှတ်(၈၉၆/က)၊ ဦးအောင်ဇေယျ(၈)လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ် ဦးမြင့်ဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဦးထံမှ ၁-၃-၁၉၉၃ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် စမ်စူနစ္စာဘောဂမ်မှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ ၁၂-၁-၁၉၉၈ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်အာနီတာမှ ပိုင်ဆိုင်လာပါသည်။ ဒေါ်အာနီတာထံမှ ၁၅-၁-၂၀၀၆ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဦးဇော်မျိုးဝင်းမှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ ၃၁-၁-၂၀၂၀ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဦးစိုင်းသန်းထွန်းနိုင်မှ ပိုင်ဆိုင်လာပါသည်။ ဦးစိုင်းသန်းထွန်းနိုင်ထံမှ ၂၈-၆-၂၀၂၀ ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်မြစန္ဒာ [၁၂/ဒလန(နိုင်)၀၄၁၇၀၁]မှ မြေချပါမစ်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒလမြို့မရဲစခန်း ထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ သမိုင်း-ရိုးကြီးချောင်း၊ မြေကွက်အမှတ်-(၄၂/A)၊ ဧရိယာ(၀.၀၃၂)ဧက၊ မြေကွက်တည်နေရာ အမှတ်(၄၂-A)၊ နှောင်ရိုးလမ်း၊ ရိုးကြီးချောင်းလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးစိုးဝင်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးဝင်း[၁၂/ကတတ(နိုင်)၀၂၂၁၇၀] (ခင်ပွန်း)သည် (၂၁-၇-၂၀၂၁)ရက်နေ့တွင် (ကွယ်လွန်)သဖြင့် ဒေါ်ဥမ္မာတင်မောင် [၁၂/ကတတ(နိုင်) ၀၂၂၀၃၃]မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေ၊ သန်းခေါင်စာရင်း၊ နှစ်(၆၀) မြေငှားစာချုပ် ဂရန်မူရင်းတင်ပြပြီး ပိုင်ဆိုင်မြေပုံကူးနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃/သမိုင်း)၊ မြေကွက်အမှတ် (၅/က^(၁-ဘီ၊ ၁-ခ))၊ (၂.၃၆၇)ဧကအနက်မှ အလျား(၄၀')xအနံ(၁၀၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၈)၊ ဗိုလ်ညာဏလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (K ဆင်ရောင်၊ K ထွန်းဖြူ) အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၄၁၅/ ၁၉၉၄ (၂၁-၃-၁၉၉၄)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးခူကျင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ဦးသိန်းမောင်+၁၂ ထံမှ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၂၈၈၉/၂၀၀၅ (၂၇-၁၀-၂၀၀၆)၊ ဇာရီမှုအမှတ်(၁၀၅၈/၂၀၀၇)၊ (၂၀-၃-၂၀၀၇)၊ အရောင်းအဝယ်စာချုပ်အမှတ်-၂၈၇၁/၂၀၀၇(၂-၈-၂၀၀၇)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်နီလာသိန်း[၁၂/ရကန(နိုင်) ၀၂၇၁၄၁]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၄၁၅/၁၉၉၄(၂၁-၃-၁၉၉၄)၊ တရားရုံးဒီကရီအထောက်အထား အရောင်းအဝယ်စာချုပ်-၂၈၇၁/၂၀၀၇ (၂-၈-၂၀၀၇)တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမျိုးနိုင်[၁၀/မလမ(နိုင်)၀၀၂၀၈၇]၊ ဦးမြင့်အောင် [၁၂/သဃက(နိုင်)၀၀၆၆၇၅]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ဦးစိုးထွန်းအေးနှင့် ဒေါ်ခင်အေးနှင်း၊ အင်းစိန်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်း ဦးမျိုးနိုင်နှင့် ဦးမြင့်အောင်သည် မင်္ဂလာဈေး ပထမထပ် ဆိုင်ခန်းရမည်၊ ဦးမြင့်အောင်သည် ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၅)၊ အခန်း(၂)တွင်နေပြီး ၎င်းဇနီးဒေါ်တင်ညွန့်သည် ဝန်ထမ်းတစ်ဦးဖြစ်၍ လူကြီးများနှင့် သိကျွမ်းသည်ဆိုကာ စည်းရုံးမှုကြောင့် နှစ်ဦးသဘောတူလုပ်ငန်းဆောင်ရွက်ခြင်း ကတိစာချုပ်ချုပ်ဆိုကာ ငွေနှင့်ဘဏ်လွှဲခြင်းဖြင့် စုစုပေါင်းငွေကျပ် ၂၉,၈၀၀,၀၀၀/- (ကျပ်နှစ်ရာကိုးဆယ့်ရှစ်သိန်းတိတိ)ကို လူကြီးမင်းတို့ (၂)ဦးမှ အလီလီရယူခဲ့ကြောင်း ညွှန်ကြားလာပါသည်။

လူကြီးမင်းတို့သည် မည်သို့မျှ ဆောင်ရွက်ပေးခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ဖြေရှင်းရန်နှင့် မဖြေရှင်းပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၅၈/၁၉၉၈)**
**အမှတ်(၅၀)၊ ပထပ်၊ အခန်း(A-18)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5045206**

## ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော်၊ ဖေဖော်ဝါရီလ (၁၁) ရက်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို(၃၆) ပုဒ်၊ ဆောင်းပါး(၅၅) ပုဒ်၊ ကဗျာ(၃၇) ပုဒ်နှင့် ခတ်ပုံ(၁၆၄) ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏ ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဇင်မင်းဝင်း က ဘဝပြေးလမ်းပေါ်မှာဖြင့် ပထမ၊ ဦးရဲညွန့် (ခက်နွယ်-နတ်မော်) က ယုံသလင်းမြေမှာဝေတဲ့နှင်း ဖြင့် ဒုတိယ၊ ဦးအောင်ဆန်းမင်း (မောင်မောင်ဆန်းမင်း) က တကယ်လုပ်အဟုတ်ဖြစ်တယ်ဖြင့် တတိယ၊ ဦးငြိမ်းချမ်း (ကိုလင်း-မေတ္တာရပ်ဝန်း)၊ ဦးဆန်းဦး (မင်းလပြည့်-ဟားခါး)၊ မမေနှင်းသန့် (နှင်းပွင့်ခိုင်-ဒူးယား)၊ ဦးကျော်ကျော် (မနောသစ်-ပခုက္ကူ)၊ ဗိုလ်ကြီးခင်မောင်ကျော် (ရဲမွန်ကျော်)တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ဆုမြတ်မွန်ထူး (ဆုမွန်ထူး-ဆေးဘက်ဆိုင်ရာ) က မူးယစ်ဆေးဝါးပပျောက်ရေး အားကစားနှင့် ကုသပေး ဖြင့် ပထမ၊ ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး) က ကျန်းမာကြံ့ခိုင်စေဖို့ရာ ကိုယ်လက်လှုပ်ရှား ကစားပါ ဖြင့် ဒုတိယ၊ ဒေါ်မြင့်မြင့်ထွေး (ထွေးငယ်ငယ်ချစ်-မန်းတက္ကသိုလ်) က ကျန်းမာကြံ့ခိုင်စေဖို့ရာ ကိုယ်လက်လှုပ်ရှား ကစားပါ ဖြင့် တတိယ၊ မမေမြတ်သူ၊ ဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)၊ ဗိုလ်ကြီးလွင်ဘိုဘိုအောင် (ကိုလွင်ဘို-မေ့ဆေး)၊ ဒေါ်ခိုင်ဝါဝါကျော် (ခိုင်ဝါကျော်-ဘောဂဂုဏ်)၊ ဦးဌေးအောင် (အောင်ဆွေထက်-ချွေးမြို့တော်)တို့က နှစ်သိမ့်ဆု၊ ကဗျာပြိုင်ပွဲတွင် ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း) က တစ်မျိုးသားလုံးကျန်းမာရေး လူထုအားကစားမြှင့်တင်ပေးဖြင့် ပထမ၊ ဦးနေထွဋ်အောင် (နေဇင်-ပေါက်ခေါင်း) က ရွှေခေတ်သို့ ဖြင့် ဒုတိယ၊ ဦးမင်းထက်အောင် (မင်းထက်အောင်-မြောင်းမြ) က လွန်စွာအကျိုးများ ကာယပညာနှင့် အားကစား ဖြင့် တတိယ၊ ဦးလှငွေ (အညာသားဘထူး-ကျားတက်မြေ)၊ ဦးတင်ဆိုင် (နန်းတင်ရင်-ပခုက္ကူ)၊ ဦးအေးဝင်း (မင်းသစ်ဝင်း-ကျောက်တံခါး)၊ ဦးသိန်းဇော် (ကြည်သိန်းဇော်)၊ ဦးသိန်းဖုံ (နွေဦးမောင်-ပခုက္ကူ) တို့က နှစ်သိမ့်ဆု၊ ခတ်ပုံပြိုင်ပွဲတွင် လှိုင်သန်းတင့် (ကိုရင်ထွန်း-သီလဝမြေ) က ပထမ၊ နန့်ရှင်းခိုင်(ပြန်ကြားရေး) က ဒုတိယ၊ ရဲလင်းထွန်း (လှသရဖူ-မန္တလေး) က တတိယ၊ မင်းဆက်ပိုင် (ပြည့်စုံ) က နှစ်သိမ့်ဆု (၁)၊ အောင်မင်းဦး က နှစ်သိမ့်ဆု (၂)၊ အောင်ကျော်ထွန်း (အောင်ကျော်မင်း) က နှစ်သိမ့်ဆု (၃)၊ အထူးဆုများအဖြစ် အောင်ဘုန်းမြတ်(မန္တလေး)၊ အောင်ကျော်ထွန်း (အောင်ကျော်မင်း)၊ ချိုသက်လင်း(သုန်)၊ အေးလွင်ဦး (လွင်ဦးမောင်-တမာမြေ)၊ ရဲလင်းထွန်း (လှသရဖူ-မန္တလေး)၊ မင်းဆက်ပိုင် (ပြည့်စုံ)၊ ထွန်းထွန်းဝင်း (ပြန်ကြားရေး) တို့က အသီးသီး ဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၊ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါ၍ ဆုပေးပွဲ ကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ၀၉-၂၀၀၂၁၉၆၊ ၀၉-၂၅၆၄၈၉၉၂၃၊ ၀၆၇-၈၁၀၄၃၃၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၁)ခု အောက်တိုဘာလမှ (၂၀၂၂)ခုမတ်လအထိ (၆)လကာလအတွင်း ကုသရေးဦးစီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများတွင် အသုံးပြုရန်အတွက် Oxygen Filling Station ဝယ်ယူရန် တင်ဒါခေါ်ယူအပ်ပါသည်။ အိတ်ဖွင့်တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ MOH Website: etender- mohs.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၆၇- ၃၄၁၁၆၃၄

| | | |
|---|---|---|
| တင်ဒါအမှတ် | - | cptd.13.dms (2021-2022) mini |
| တင်ဒါစတင်ရောင်းချမည့်ရက် | - | (၁၂-၂-၂၀၂၂)ရက်နေ့ |
| တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက် | - | (၁၉-၂-၂၀၂၂)ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက် | - | (၂၅-၂-၂၀၂၂)ရက်၊ မွန်းတည့်(၁၂:၀၀)နာရီတိတိ |
| တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - | MOH Website တွင် အနည်းဆုံး(၃)ရက်စော၍အသိပေးကြော်ငြာမည်ဖြစ်ပါသည်။ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပြေစာများအပေါ်၌အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့်ပြေစာဖြင့် ရောင်းရငွေ/ ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူပြည်သူများထံမှ တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ထိုကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာ အခွန်ရုံးများသို့ ပေးသွင်းရန် တာဝန်ရှိပါသည်-

(က) စားသောက်ဆိုင်လုပ်ငန်းရှင်များ၊
(ခ) ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊
(ဂ) ရုပ်သံလွှင့်မီဒီယာလုပ်ငန်းရှင်များ၊
(ဃ) ရွှေထည်လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်းရှင်များ၊
(င) လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်သည့် လုပ်ငန်းရှင်များ။

၂။ စားသုံးသူပြည်သူများအနေဖြင့် အထက်ပါလုပ်ငန်းရှင်များထံသို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်ထားသောပြေစာကို တောင်းယူခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များကလည်း စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသောပြေစာများကိုသာ မဖြစ်မနေ ထုတ်ပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၆)၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးတင်ဦး ၂၂၃၅၁၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး(ဖခင်)၊ ဒေါ်ထားငွေ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်သင်းသင်းဦး [၁၂/ဥကတ(နိုင်)၀၃၅၄၂၉]၊ ဦးခင်ဇော်ဦး [၁၂/ဥကတ(နိုင်) ၁၅၄၀၄၅]၊ ဒေါ်တင်မာဦး [၁၂/ဥကတ(နိုင်) ၀၄၄၅၄၉] တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၃/ ၂၈၅၄/ ၂၀၃ ၂၀၂၀) သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Chrysalis Crop Pte., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | မူလကုန်သွယ်မှုအမည် | ကုန်သွယ်မှုအမည်အသစ် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| 1 | Evo Chit Sar Poe 10EC | Than Dote 10EC | Cypermethrin 8% + Emamectin benzoate 2% EC | Provisional | P2018 - 2679 |
| 2 | Evo Phan Sinn Shin 550SC | Benxa 550SC | Chlorothalonil 45% + Cymoxanil 6.5% + Hexaconazole 3.5% SC | Provisional | P2020 - 5180 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိပ်စာ**- Evogro Co., Ltd

အမှတ်-(၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ပျောက်ဆုံးကြောင်း

ဦးအောင်နိုင်မင်း [၁၂/ဒပန(နိုင်) ၀၄၉၇၂၁]ကိုင်ဆောင်သော သင်္ဘောသားလုပ်လက်မှတ်တမ်းစာအုပ် All in One သည် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၀၃၉၉၄၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ကံကြီးပိုင်းရပ်ကွက်၊ အမှတ်(၆)၊ ကံကြီးပိုင်းကွက်၊ ဦးပိုင်အမှတ်( က/၄၀/၃ )၊ ဧရိယာ (၀.၀၇၆)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ "အများသိစေရန် ကြော်ငြာခြင်း"

အထက်ပါမြေကွက်အား ဒေါ်ခင်စိန်ဝင်း(ကွယ်လွန်)အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်၍ ဒေါ်ခင်စိန်ဝင်းကွယ်လွန်သောအခါ တစ်ဦးတည်းသော ကိတ္တိမသားဦးသော်ဇါထက် [၁၂/ကခက(နိုင်)၀၀၀၆၉၄]က အမွေဆက်ခံပိုင်ဆိုင်လာသောကြောင့် မြေပုံမြေရာဇဝင် ကူးယူခြင်း တရားဝင်အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်းအပါအဝင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ကိတ္တိမသား ဦးသော်ဇါထက်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ လုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လိုက်နာခြင်းမရှိပါက ဥပဒေကြောင်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်ဆင့်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိဏ်းချမ်း (B.A; H.G.P; R.L)**
**နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀/၇၉)**
**အမှတ်-၃၅၊ တတိယထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- (၀၉-၅၁၆၇၇၅၄)**

ခြံအကွက်ဝယ်လိုသည်
အုံမြို့သစ်မြေကွက်များ
ဈေးကောင်းပေး
ဝယ်လိုသည်။
09-5179360
09-250644566

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၇ )၊ မြေကွက်အမှတ်( ၁၁၃၅/ခ )၊ (၂၀ ပေ × ၆၀ ပေ)ရှိ **ဦးတင်ထွန်း** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်သည့် အမှတ်(၁၁၃၅/ခ)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သောမြေကွက်နှင့်အကျိုးခံစားခွင့်တို့အား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်( ၄၅၃၃/၂၀၂၁ )အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်တင်အေး (၁၂/ဥကတ (နိုင်) ၀၀၅၂၉၃)**က တရားဝင်ပိုင်ဆိုင်လာပြီး၊ အဆိုပါမြေကွက်အား ၎င်း၏သားအရင်းဖြစ်သူ **ဦးဇော်မျိုးထွန်း (၁၂/ဥကတ (နိုင်) ၁၁၄၃၅၀)**သို့ အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်အေး ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဥက္ကာကျော် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၀၂၈၃)
အမှတ်( ၉၅၄ )၊ သီရိရတနာ( ၆ )လမ်း၊ (၁၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၇၉၆ ၂၆၃ ၁၇၆

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၁)လမ်း၊ တိုက်အမှတ်(၃၂၆)၊ (၅လွှာ/ဝဲ)ခြမ်း ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်ရှိန်[၁၂/ဥကတ(နိုင်)၀၁၇၂၈၇] ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုရဲထက်ဇော်[၉/ ကပတ(နိုင်)၂၀၈၅၂၆]မှ စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ကိုရဲထက်ဇော်** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၉/ကပတ(နိုင်)၂၀၈၅၂၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၂၄၁၉၄၉၃** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ တိုက်အမှတ်(၃၈)၊ (၃-လွှာ/ဘီ)၊ (ခြေရင်းခန်း) အကျယ်အဝန်း(၁၂ ½ x၅၀)ပေရှိတိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်ယုဇနဖြူဝင်း[၁၂/ပဇတ(နိုင်)၀၂၈၅၂၂]သို့ ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **B.Sc,DA, HGP, R.L, DBL, DML, DIL** | **LL.B, DBL(စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၇၉၀၁၂၄၈၀ ၀၉-၅၀၅၃၁၀၇**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၆ နှင့် ဆက်နွယ်သည့် ၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၆၃

ဦးဇော်မိုးလေး နှင့် ဦးထက်ခိုင်ကြည်လင်
(ကွယ်လွန်သူ ဒေါ်ကေသီခိုင်၏ တရားဝင်ကိုယ်စားလှယ်)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ်(၅၃၆)နေ တရားရှုံး ဦးထက်ခိုင်ကြည်လင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်ဆင့်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ **၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်(၁၃၈၃ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်)** မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းစမ်ငင်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## သွာနုတ္တသားအဖြစ်သတ်မှတ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့်[၁၂/ဗတထ(နိုင်)၀၂၀၀၉၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့်နှင့်ဒေါ်ဌေးဝင်း(ကွယ်လွန်)တို့၏ သားဖြစ်သူ ဦးစည်သူကျော်[၁၂/ဒပန(နိုင်)၀၄၇၁၅၅] ကိုင်ဆောင်သူသည် မိဘညီကိုမောင်နှမများ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ရည်ရွယ်၍ အကြိမ်ကြိမ်အခါခါ အမွေတောင်းခံခြင်းများ၊ ဖခင်အပေါ်နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် အမြဲပြုမူလေ့ရှိသဖြင့် ဖခင်ဖြစ်သူ ဦးကျော်မြင့်မှ မိဘအား မိုက်ရိုင်းစော်ကားစွာပြုမူသည့် ဦးစည်သူကျော်[၁၂/ဒပန(နိုင်)၀၄၇၁၅၅]အား သွာနုတ္တသားအဖြစ်သတ်မှတ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသဥ္ဇာသိန်း(LL.B)** | **ဒေါ်ပွင့်ပူဇာ(LL.B)** | **ဦးနေလင်း(LL.B)(စဉ်-၅၀၄၃၀)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** | **ဒေါ်စန္ဒာမိုး(LL.B)(စဉ်-၅၁၁၉၅)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **ဦးသိန်းထွန်းကျော်(LL.B)** |
| | | **(စဉ်-၅၄၇၄၉)** |
| | | **အထက်တန်းရှေ့နေများ** |

**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်(၅၀)၊ (၅-လွှာ)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၃x၅၇)ပေရှိတိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်ကေ့ဂျာ[၁/မကန(နိုင်)၁၂၉၂၃၂]သို့ ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **B.Sc,DA, HGP, R.L, DBL, DML, DIL** | **LL.B(စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၄၂၀၃၅၉၆၃ ၀၉-၅၀၅၃၁၀၇**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

- **မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပနှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။**
- **လူတစ်ဦးချင်းစီ၏ လူ့အခွင့်ရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။**
- **နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။**
- **အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။**
- **နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘောဖြစ်ပါတယ်။**
- **နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု အောင်မြင်စွာကျင်းပပြီးစီး

# ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ယနေ့ တတိယနေ့တွင် ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသည်။

**မျှဝေပေး**

တပေါင်းကွင်းအတွင်း သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း လာရောက်လေ့လာကြသည့်ပြည်သူများသိရှိလိုသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရ ဗဟုသုတများကို အဖွဲ့လိုက်မျှဝေပေးကြသည်။

အဆိုပါဂုဏ်ပြုယာဉ်များတွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐



လာရောက်လေ့လာကြည့်ရှုကြသူများအား ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေစဉ်။

## မြို့နယ်အချို့ရှိ စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြို့နယ်အချို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ PDF အမည်ခံအကြမ်းဖက်သမားက လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ကျောင်း၏ ဘေးပတ်လည်မှ နေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❖

## ယနေ့ ဖတ်စရာ

**ကိုယ်ရေးအချက်အလက်ဆိုင်ရာချိုးဖောက်မှုဖြင့် တက္ကဆက်ပြည်နယ်က ဖေ့စ်ဘွတ်အား တရားစွဲဆို** စာမျက်နှာ » ၁၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄၆၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈ ဒသမ ၀၂ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂